# အဋ္ဌုဒ္ဓါ ဓာတုဝိတ္ထာရ
# ဓာတုဝိဘာဂဒဝှ

## (ဆုံးဓောင်တွဲကျမ်း)

ဂျာနယ်ကျော်မမလေး

စီစဉ်ထုတ်ဝေသည်။

ပြန်လည်ရိုက်နှိပ်ခြင်း

ISBN 9789999714143
MML41
9 789997 114143
2,700.00KS

mgyoe.com

အဌမှာ၊ ဓာတုဗိတ္ထာရ၊ ဓာတုဝိဘင်္ဂဒီပနီ သုံးစောင်တွဲကျမ်း၊ ဂျာနယ်ကျော်မမလေး
စာမျက်နှာ ၂၅၇ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၀ ဂျာနယ်ကျော်မမလေးစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၇၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အဌမုခ၊ ဓာတုဝိတ္ထာရ၊ ဓာတုဝိဘာဂဒီပနီ

သုံးစောင်တွဲကျမ်း

## ဂျာနယ်ကျော်မမလေး

စီစဉ်ထုတ်ဝေသည်။

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာ

ကျမစာအုပ်တိုက်မှ ထုတ်ဝေသော ပုဂ္ဂလပညတ်ဓာတ်ကျမ်း လေ့လာ ကြည့်ရှုကြသောသူတို့တွင် အချို့က ပုဂ္ဂလပညတ် ဓာတ်ကျမ်း၏ ခက်ခဲနက်နဲခြင်းကို လွယ်ကူစွာမလိုက်နိုင်၍ ပုဂ္ဂလ ပညတ်ဓာတ်ကျမ်းငှိကာ ရေးသားထုတ်ဝေရန် တောင်းဆိုကြ သည်။

ပုဂ္ဂလပညတ်ဓာတ်ကျမ်းကို နားလည် သဘောပေါက်နိုင်ရန် အဆင့်များစွာရှိနေသည်။ အခြေခံအားဖြင့် ဓာတ်ကျမ်း အစောင် စောင်ကို ကြည့်ရှုလေ့လာ ဆည်းပူးပြီးသား ဖြစ်ရမည်။ ရှေးက ထုတ်ဝေသော အင်္ဂဝိဇ္ဇာကိုးစောင်တွဲ ဓာတ်ကျမ်းသည် ဓာတ် ပညာကို သဘောပေါက်လွယ်ရန် များစွာအထောက်အကူပြု သော ကျမ်းရင်းဖြစ်သည်။ အမှန်စင်စစ် အင်္ဂဝိဇ္ဇာဓာတ်ကျမ်း သည် ဓာတ်ပညာ၊ဆေးပညာ၊ဗေဒင်ပညာ၊ အဂ္ဂိရပ်ပညာရပ်တို့ကို လိုရာ သုံး လေ့ ဟု ညွှန်ကြား စိတ်ဖြာထားသော ကျမ်းကြီး တစောင် ဖြစ်သည်။

ပုဂ္ဂလပညတ်ဓာတ်ကျမ်းငှိကာ ရေးရမည်ဆိုလျှင် အင်္ဂဝိဇ္ဇာ ဓာတ်ကျမ်းနှင့်တကွ အခြားဓာတ်ကျမ်းတို့ကို ညွှန်းရတော့မည် သာ ဖြစ်သည်။ ယခုခေတ်တွင် အင်္ဂဝိဇ္ဇာကိုးစောင်တွဲ မူရင်းဓာတ် ကျမ်းကြီးကိုရရှိရန် ရှာဖွေ၍လည်း လွယ်ကူမည်မဟုတ်။ အခြား

mgyoe.com

mgyoe.com



ဓာတ်ကျမ်းများမှာလည်း နှစ်ပေါင်းများစွာကြာပြီဖြစ်၍ အလွယ်တကူ ရှာဖွေရရှိရန် ခဲယဉ်းလှသည်။

ဓာတ်ပညာကို လေ့လာ လိုက်စားသူများအတွက် အခြေခံကလေးရှိစေရန် ရှေးဟောင်းဓာတ်ကျမ်းများကို ရနိုင်သမျှရှာဖွေ၍ ပြန်လည်ပုံနှိပ်မည်ဟု ရည်ရွယ်ချက်ရှိခဲ့သည်။ ပြန်လည်ပုံနှိပ်ရန် ကျမရှာဖွေနေသော အင္ဂမုခ မူဟောင်းဓာတ်ကျမ်းကို ကိုစိန်ဝင်းက လက်ဝယ်အရောက် လာ၍ပို့သည်။မည်သူမှ ပြန်လည်ထုတ်ဝေခြင်းမပြုလျှင် ဤဓာတ်ကျမ်းကို နောင်လာနောက်သားများ ရှာဖွေတွေ့ရှိရန် ခက်ခဲတော့မည်ကို တွေးမိသည်။

ရှေးဟောင်းဓာတ်ကျမ်းများကို ပြန်လည်၍ထုတ်ဝေဖြစ်လျှင် အင္ဂမုခဓာတ်ကျမ်းကို ရအောင်ရှာ၍ ထုတ်ဝေမည်ဟု ရည်ရွယ်ထားချက်အတိုင်း ပြည့်စုံရသည်။

အင္ဂမုခဓာတ်ကျမ်းကို အဓိပ္ပါယ် အကောက်အယူ မလွဲမှားဘဲ နားလည်သဘောပေါက်ရန်၊ အလေးအနက် သဘောပေါက်ရန် လိုအပ်ပေသည်။ မိမိစွဲကိုင်သောနည်းဖြင့် လေ့လာတတ်လျှင်၊ ဝါ၊ ကျမ်းညွှန်ပြချက်ကို စွဲကိုင် မှတ်ယူမထားဘဲ ရင့်သောဉာဏ်ဖြင့် ပိုင်နိုင်စွာ အနက်အဓိပ္ပါယ် ဖွင့်ယူနိုင်လျှင် များစွာအကျိုးပြုနိုင်သောကျမ်းဖြစ်သည်။

ဥပမာအားဖြင့် အရှေ့ကိုပြလျှင် အနောက်ကိုပါ မြင်တတ်မှ ပိုမို၍အနက်အဓိပ္ပါယ်ပေါက်သည်။ ဤသို့မှမမြင်လျှင် အကောက်အယူ ကွဲပြားမှုဖြင့် လွဲမှားသွားနိုင်သည်။

mgyoe.com

mgyoe.com



ကြာမှု ဝတ်ရင့်၊ အတင့်ပြီးသည်၊ သုံးလီစိုးအုပ်၊ ရဲစွမ်းထုပ်ကို၊ မြဲကုပ်အစု၊ ထက်ဦးရေလှိုင်း၊ ဝိုက်သန်းကြံ့ထွေး၊ စွယ်ရောင်သွေးဖြင့်....”စသော အင္ဂမုခခေတ်ကျမ်း၌ပါသောဤလင်္ကာကို အချို့က ခေတ်စာပေးနည်း သုံးကြသည်။ အချို့က ဗေဒင်နည်း မှတ်ယူကြသည်။ ဤလင်္ကာကလေးကို တည့်အောင်သုံးတတ်ရန်ပင် မလွယ်ကူချေ။ ဤလင်္ကာကို ကျမ်းဆရာက မည်သို့ပင် အနက်အဓိပ္ပါယ်ရှင်းပြစေကာမူ ထိုးထွင်းဉာဏ်ဖြင့် တဆင့်တက်၍ အဓိပ္ပါယ်နိုက်ချွတ်ယူရန် သင့်အပ်လှသည်။

ခေတုဝိတ္ထာရနှင့် ခေတုဝိဘာဂဒီပနီကျမ်းမှာ ဆေးပညာ လိုက်စားသူများ ရှာမှီးဆီးပူးသင့်သော ရှေးဟောင်း ခေတ်ကျမ်းကြီးများဖြစ်သည်။

နေနှင့် လ ခေတ်ပညာကို အခြေခံဆည်းပူးပြီး ရှိသူများအတွက် ခေတ်အရာတွင် ရင့်သန်စေရန် ဖြည့်လောင်းပေးနိုင်သော အကျိုးသက်ရောက်မှု များစွာထောက်ကူသောကြောင့် ဤကျမ်းကြီးနှစ်ကျမ်းကိုပါ ပူးတွဲထုတ်ဝေပေးရခြင်းဖြစ်သည်။

အင်္ဂဝိဇ္ဇာ ကိုးစောင်တွဲမူရင်း ရှေးခေတ်ကျမ်းကြီးကိုလည်း အခါအားလျော်စွာ ပြန်လည်၍ပုံနှိပ်ထုတ်ဝေရန် စိုင်းပြင်းလျက်ရှိပါသည်။

ခေတ်ပညာ ဆည်းပူး လေ့လာ လိုက်စားသူများ အတွက် အထောက်အကူရစေရန် ရှေးခေတ်ကျမ်းများကို ရှာဖွေစုဆောင်းရာ၌ ခဲရာခဲဆစ် ရှာဖွေရသည့် ခေတ်ကျမ်းများလည်း ရှိနေသည်။

mgyoe.com

mgyoe.com



ပုံမနှိပ်ရသေးဘဲ ပေစာပုရပိုက်၌သာရှိသော ရှင်မထီးကျမ်းများ ကို စုံလင်စွာစုဆောင်းရန် ကြိုးစား၍ရှာဖွေဆဲ ရှိပါသည်။

ဤသို့ တိမ်မြှုပ် ပျောက်ကွယ်တော့မည့် ရှေးဓါတ်ကျမ်းများ ကို စုဆောင်း ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းမှာ ပညာလိုလားသူ များ အကျိုးဖြစ်ထွန်းရန် ရည်သန်သောစေတနာကြောင့် ထုတ် ဝေရခြင်းသာ ဖြစ်ပါကြောင်း။

ဂျာနယ်ကျော်မမလေး။

mgyoe.com

mgyoe.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယ ပဏာမ။

၁။ သုံးခွင်ဘုံနတ်၊ မြတ်ထက်မြတ်သား၊ ဥက္ကဋ္ဌ်ဂိုဏ်းသီး၊ ကပ်လုံးချီးလည်း၊ အပြီးမမြော်၊ ကျေးဇူးတော်တည့်၊ အဟော်ပဝရ၊ သမ္ဗုဒ္ဓနှင့်၊ ဓမ္မဆယ်ဖြာ၊ မြတ်သံဃာဟု၊ အရိယာရှစ်၊ မြုတေနှစ်ကို၊ ပွင့်သစ်စက်စက်၊ ခိုင်လုံးရှက်သို့၊ ဦးထက်ဆင်လှူ၊ ရှိလက်ငုံသည်၊ ကြာမုံဝတ်ရွှေ လှိုင်အပျံ့။

၂။ ကုံးဆင်ယုံမှတ်၊ ကြာမုံဝတ်သို့၊ ဦးညွတ်ပန်ဆင်၊ ရှိပန်းတင်လျက်၊ အကြင်ခေလးဖြာ၊ သူတော်စွာအား၊ ဒယာအာရုံ၊ သုဒ္ဓါဟုန်ကြောင့်၊ လောကလုံစေ့စေ့၊ ရေးကျမ်းတွေ့ကို၊ ကွယ်ရွေ့မဝှက်၊ ထင်ကွက်ကွက်လျှင်၊ ခက်လက်ဖြိုးဖြိုး၊ ကပ်ဦးမိုးသို့၊ ဉာဏ်မျိုးခွယ်စုံ၊ ချမ်းရိပ်မြုံသည်၊ အာဂုံရွတ်စေ ခိုင်အခံ့။

၃။ ထုံးတင်ပုံတတ်၊ အိုသူမြတ်တို့၊ ဓာတ်လည်းလေးဖြာ၊ ရှစ်ဒီသာနှင့်၊ ကုရာဇဆေးဝါး၊ သမားဗေဒင်၊ မျက်မှောက်မြင်လျက်၊ ကောင်းအင်ပြည့်ဝ၊ မည်နာမကား၊ အဋ္ဌမုခါ ဓာတ်ကျမ်းသာဟု၊ အလင်္ကာဆင်ႏ ဖွဲ့စီရင်ပိမ့်၊ လူတွင်လူမြတ်၊ ကဝိထွတ်ဟု၊ အတတ်ဂုဏ်ရည်၊ ပွင့်လင်းစည်ဖို့၊ ရှင်ကြည်ခိုလှုံ၊ သောတာရုံသည်၊ နာတုံ့ညွတ်လေ ကြိုင်ယနံ့။

mgyoe.com

mgyoe.com



## အဠမုခဓာတ်ပုံလက်ာ။

အဌလက်ပုံ၊ သားပြီးတုံမှ၊ ကြာမှုံဝတ်ရင့်၊ အတင့်ပြီးသည်၊ သုံးလည်စိုးအုပ်၊ ရဲစွမ်းထုတ်က၊ မြဲကုပ်အစူး၊ ထက်ဦးရေလှိုင်း၊ ဝိုက်သိုင်းကြံတွေ၊ စွယ်ရောင်သွေ့ဖြင့်။ ၊အရှေ့ကသည်၊ လက်ဝဲလည်၍၊ ရှစ်မည်ဂြိုဟ်ချ၊ ပြီးမှမပျက်၊ လူ့အသက်ကို၊ တချက်တည်လတ်၊ အဌဖြတ်လျက်၊ သေသတ်အကြွင်း၊ လှည့်ရင်းအရှေ့၊ စ၍ရေပါ၊ ရောက်ရာအစ၊ ပဌမဂြိုဟ်သုံး၊ စန်းသုံးစန်းငုပ်၊ ဓာတ်ငုပ်သင်းချိုင်း၊ ကသိုဏ်းပုံရှု၊ ဒုတိယဆောင်ကြေ၊ ခိုက်လေသမသော၊ အဟောလေးဝ၊ တတိယလျှင်၊ မိတ်ပင်မှတ်လေ၊ လေးထွေစတုတ္ထ၊ သောကဥပါဒ်၊ စုတ်လာဘ်လည်းမြင်၊ လေးအင်ဂြိုဟ်မ၊ အပရှိလျှင်၊ တွင်းပင်ရှိရိုး၊ အမျိုးဒေသ၊ ဓာတ်အရနှင့်၊ နှိုင်းဆဆင်ခြင်၊ ငုပ်လျှင်ပေါ်အောင်၊ ကြေဆောင်မိတ်နှံ၊ နှစ်တန်အစာ၊ ပေးရာသည်ချည်း၊ ဆေးလည်းတတန်၊ ရှောင်ရန်တထွေ၊ ဥဝေစံကူး၊ ရေဘူးတောသူ၊ ရန်မူလည်းဆို၊ ဦးညိုခေမာ၊ သုတာဝေရီ၊ မမှီတွဲရာ၊ ဓမ္မာသောက၊ အင်းဝရာဇာ၊ ကမ္ဘာရန်စစ်၊ ဖွေသနစ်၍၊ အပြစ်စင်အောင်၊ ကြဉ်ရှောင်ပယ်ကွင်း၊ သက်စားကြွင်းနှင့်၊ လှည့်ရင်းကျရာ၊ ဂြိုဟ်အိမ်မှာလျှင်၊ လေးဖြာနှံစု၊ ဓာတ်ကိုရှု၍၊ ဇာဂရှုမှ၊ အင်္ဂဝိဇ္ဇာ၊ နည်းကျယ်စွာကို၊ မှန်စွာယှဉ်မြို၊ ဂြိုဟ့်ပရိယာယ်၊ သွယ်သွယ်ဟောကာ၊ နေရာဒေသ၊ ကာလမျိုးရိုး၊ ပုန်းလျှိုးလုယက်၊ ကွယ်ဝှက်ထောင့်ဘိ၊ မလွတ်ရှိသည်၊ မျက်စိနားနှယ် အလားတည်း။

mgyoe.com

mgyoe.com



## တနင်္လာအိမ် ဟောခန်းလက်ာ။

ဇမ္ဗူဒီပါ၊ ကျွန်းအောင်ချာဝယ်၊ နရာလူများ၊ မှတ်စိမ့်ထားသည်၊ ခြောက်ပါးကိုးဆယ်၊ အန္တရာယ်ကို၊ လွယ်လွယ်စေမူ၊ စတုသခေ်ပ၊ အကျဉ်းပြပိမ့်၊ တိဿမထေရ်၊ ထားခဲ့သည်ကို၊ နားလည်စိမ့်ငှါ၊ မှတ်ကုန်ပါလေ့၊ အက္ခရာတိမ်မြုပ်၊ ဥာဏ်ချွန်းအုပ်၍၊ ပြုပွာအစ၊ ဗျဉ္ဇကျားဟုန်၊ ခဲလေတုန်က၊ အန္တကရိ၊ ဟိုင်းနှင့်ဖိသော်၊ ငြိမ်း၏အမှန်၊ မငြိမ်းပြန်မူ၊ ဆဒ္ဒန်နာဂေါ၊ ပေါက်စေလောဟု၊ ကျမ်းဟောကေန်၊ မိန့်ချက်မှန်သည်၊ ဗျဉ္ဇကျားခန်း နိဋ္ဌိတည်း။ ။စန္ဒြမုခ။

## တနင်္ဂနွေအိမ် ဟောခန်းလက်ာ။

ဂရုဠဟု၊ သကုနမှန်၊ ဂဠုန်ပျံလျှင်၊ပြင်းထန်တေဇ၊သုတ်လကမူး ဥဿာဘမပျက်၊ ကျမ်းထွက်အလို၊ နဂိုပူးမင်း၊ ခဲလေလျှင်းက၊ ကြေမွပျက်ပြား၊ ဥပါဒ်ရှား၍၊ သူအားချမ်းသာ၊ ရောက်စေရာ၏၊ မြန်စွာသုခ၊မရောက်ကမူ၊အောင်ပတချက်၊မိတ်ဖက်အရ၊ပဉ္စမက၊ ဖလ်မြဒကျောက်ဂူ၊ ပျော်လေ့မူသည်၊ မိတတူဟိရည၊ နောက်ထပ်ပြစေ၊ ချမ်းသာလေ့၏၊ မသွေမိတ်ခံ၊ ရန်တချက်ထောက်၊ ချမ်းသာရောက်သည်၊ ရှိန်တောက်ဂဠုန် အခန်းတည်း။ ။သူရဇ္ဇမုခ။

mgyoe.com

mgyoe.com



## သောကြာအိမ် ဟောခန်းလက်ာ။

ဥတ္တရဒိသာ၊ မြောက်မျက်နှာက၊ ရောင်ဝါထိန်လျှမ်း၊ ကျောက်ဂူနန်း၌၊ ရှင်လန်းပျော်ပေ၊ ပူးထက်နေသော၊ မိုးမြေရိုက်တုံ၊ အာကာဘုံက၊ တောင်ဟုန်ရှိန်ပြင်း၊ ဂဠုန်မင်းအား၊ နှိပ်နင်းစေရ၊ ဆေးချက်ပြလော့၊ ပူးလှမိတ်ဆွေ၊ ကျောက်နန်းနေသည့်၊ ကေသရာမည့်၊ ခြသေ့ဆီကို၊ တလီနောက်ထပ်၊ ပေးစေအပ်၏၊ ပူးခတ်နာဂေါ၊ သဘောတူရာ၊ စွယ်ရှက်လာက၊ ချမ်းသာရသည်၊ မုခမှတ်ရန် ပူးခန်းတည်း။ ။သောကြာမုခ။

## ရာဟုအိမ် ဟောခန်းလက်ာ။

ပါရပ်ဒိသာ၊ နောက်မြောက်မှာလျှင်၊ နာနာဘာဝ၊ စွမ်းနိုင်လှသား၊ ဂြိုဟ်များရာဇာ၊ တံခိုးဖြာသည်၊ အန္တာကရိ၊ ဟိုင်းမင်းရှိမြင်၊နေရပ်ခွင်၌၊ သက်လျှင်ရောက်ထ၊ ကြိမ်လကမူ၊ ဘယဘေးဒါဏ်၊ လွန်ပြင်းထန်၍၊ သူ့ဂုဏ်ကြီးလှ၊ မိတ်နံခစေ၊ အန္တေဘောမ၊ ဂြိုဟ်ပါပကို၊ သောမနှင့်ချေ၊ အကြေနက္ခတ်၊ တလုံးရပ်၏၊ ပြတ်သည့်တခန်း၊ ခန္ဓာလန်းလိမ့်၊ မချမ်းသာသော၊ မရောနှောနှင့်၊ အန္တောဂဗ္ဘော၊ စရေဝံသာ၊ မယှဉ်ကြလို၊ ဦးညိုခေမာ သုတာဝေရီ၊ မမှီတွဲရာ၊ ဓမ္မာသောက၊ အင်းဝရာဇာ၊ ဆေးချက်ပါက၊ မရဏစစ်၊ အမှန်ဖြစ်သည်၊ သက်စစ်ဟိုင်းကျ ဟောခန်းတည်း။ ။ပါရပ်မုခ။

mgyoe.com

mgyoe.com



## ကြာသပတေးအိမ် ဟောခန်းလက်ာ။

ပစ္ဆိမဒိသာ၊ နောက်မျက်နှာ၌၊ ရာဇာကြွက်လှ၊ ဟိရညမူ၊ ခဲထမှန်စွာ၊ ဘယာဒုက္ခ၊ ကြီးပြင်းကလျှင်၊ ပူးလှမိတ်ဆွေ၊ ကေသရာခံ၊ ခြသေ့ ပျံနှင့်၊ နံသင့်ခံစေ၊ မိတ်ဆွေအရ၊ အောင်ပအကြုံ၊ ငှက်ဂဠုန်နှင့်၊ ပြတုံဆေးချက်၊ ကျားမင်းထွက်က၊ အမျက်လည်းကြေ၊ ရန်လည်းပြေသည်၊ ကျမ်းရွှေမုခ ကြွက်ခန်းတည်း။ ။ ဂုရုမုခ။

## စနေအိမ် ဟောခန်းလက်ာ။

သောရိဝါရေ၊ စနေအရ၊ ထောင့်ပါပ၌၊ နာဂနဂါး၊ မြူးပျော်ပါးလျက်၊ စံစားလှည့်ရာ၊ ရပ်ခန်းဝါထက်၊ သက်သာရောက်လေ၊ အန္တေအရ၊ ရှောင်ကြဉ်ကြလော့၊ ရလျှင်စားမိ၊ ဘယာဖိသော်၊ ဒက္ခိဏာမှတ်၊ တောင်အရပ်က၊ ပေါက်လှဆင်ပြောင်၊ ကြေအောင်နင်းယူ၊ နောက်ထပ်မူကား၊ ဆင်ဖြူဟိုင်းလှ၊ မိတ်အရကို၊ ပြလေတတန်၊ ရှင်အရဟံတည့်၊ ရှင်ပျံတိဿ၊ ဘွဲ့မည်ရသား၊ ခပ်ထတံဆိပ်၊ လက်ဝယ်နှိပ်၍၊ ဂုဏ်ဟိတ်ပြဆို၊ ခါတ်ဖိုခါတ်မ၊ ထုပ်ဖော်ဆလျက်၊ ဒန်းလှအာပေါ၊ မှန်မောမုချ၊ ကေန္တတည့်မရမမှန်၊ ရှိလေပြန်မူ၊နှစ်တန်အက္ခရာ၊နှောပြီးခါဝယ်၊ သတ္တာဗီသ၊ချေလကမူ၊ အရမကြေ၊ ကျေလျှင်နှစ်ဆယ်၊ စွန်းဝယ်သတ္တော၊ နက္ခတ်ကြေသည်၊ မှတ်လေရေနတ် ဟောခန်းတည်း။ ။ သောရိမုခ။

mgyoe.com

mgyoe.com



## ဗုဒ္ဓဟူးအိမ် ဟောခန်းလင်္ကာ။

စက်မြတ်ဝရဇိန်၊ နတ်ပစ်ချိန်သို့၊ မထိန်သေသာ၊ တခန်းပြေပိမ့်၊ ဒုက္ခိတဒီသံ၊ တောင်ရပ်ဌာန်ဝယ်၊ ဆဒ္ဒန်ဆင့်လှ၊ ပျော်မြူးပသည်၊ တောဝမြိုင်သာ၊ ဟောဝန္တာဝယ်၊ ဇိဝှာသက်ကျ၊ ဆုံလကမူ၊ ကာယကြုံလို့၊ မအိမသာ၊ ဘယာဖွဲ့စည်း၊ နာရောက်သည်းသော်၊ နည်းမှာပုံသေ၊ ကျမ်းရင်းဖွေ၍၊ အကြောနက္ခတ်၊ တေဇောဓာတ်ပြု၊ ဝိရုပက္ခေ၊ အခြေမရောက်၊ အမောက်နီဖန်၊ ဆိပ်ပြင်းထန်သည့်၊ အမှန်နာဂေါ၊ ပေါက်စေသောဟု၊ ကျမ်းဟောကေန်၊ မငြိမ်းပြန်မူ၊ ကိန်းမှန်အရ၊ စန်းအကျနှင့်၊ ဗျဂ္ဃသူတော်၊ မိတ်ဖော်မှန်လှ၊ နောက်ထပ်ပြလေ၊ မမှားစေနှင့်၊ မှားထွေအပါယ်၊ လမ်းဝယ်မုချ၊ မှန်ကန်ကမူ၊ သုံးဝချမ်းသာ၊ ရလေရာသည်၊ ကျမ်းလာဆင်မင်း ဟောခန်းတည်း။ ။ဗုဒ္ဓမုခ။

## အင်္ဂါအိမ် ဟောခန်းလင်္ကာ။

ရှေ့တောင်ရပ်က၊ ဂြိုဟ်မြတ်အင်္ဂါ၊ သက်ရောက်လာမူ၊ ငုတ်ခါပထဝီ၊ ဆောင်ပြီးတေဇော၊ တချက်ဟောလော၊ သဘောထောက်ဆ၊ ပါပဂြိုဟ်သုံး၊ စန်းသုံးလွန်းပြတ်၊ နှစ်ထပ်နှစ်စုံကုန်လည်းကုန်က၊ ကြံပုံခဲခက်၊ ဥာဏ်ဖြင့်တွက်၍၊ ဆေးချက်အဟာရ၊ ပြုပြီးမှလျှင်၊ ဗုဒ္ဓမြတ်စွာ၊ ရံသင်္ဃာနှင့်၊ မြတ်စွာကိုးဆူပူဇော်မှု၍၊ ဆွမ်းဖြူသြဇာ၊ သဒ္ဒါဆိုက်ဆိုက်၊ နှစ်ခြိုက်စေတနာ၊ လှူဒါန်းပါက၊ လွတ်ရာလွတ်ကြောင်း၊ ဆုတောင်းပန်ထွာ၊ ဘေးကင်းရာ၏၊ အစာပေးငြမ်း၊ နည်းတခန်းကား၊ စိန်ပန်းအရ၊ ဟိရ

mgyoe.com

mgyoe.com



ညနံ၊ ဆက်သွင်းပြန်က၊ ပါပထဝိ၊ ရှင်သန်းပြီတည့်၊ တလိဆေ့သား၊ မခြားမိတ်ထူး၊ နံပူးသင့်စေ၊ ဟိုင်းနာဂေကို၊ ဆောင်လေအပြီး၊ အောင်စည်တီးသည်၊ ဂြိုဟ်ကြီးခြသေ့် ဟောခန်းတည်း။ ။ဘောမမုခ။

အင္ဂမုခ ပထမကဏ္ဍ ပြီး၏။

## အင္ဂမုခဇာတ်ပုံလက်ာ၏ သမ္ဗန္ဓ္ဓနက္ခ စကားပြေ။

အရပ်ရှစ်မျက်နှာတို့ဖြင့် ပိုင်းခြားအပ်သော အင္ဂလက်ပုံ မျဉ်းသားပြီးလျှင် ကြာမွှံ့ဝတ်ရင့်ဟူသော အဆိုလက်ာအတိုင်း အရှေ့အရပ် တနင်းလာဋ္ဌာနကစ၍ လက်ဝဲရစ်ချလေ။ ထိုသို့ ပိုင်းခြားအပ်ပြီးသော ဂြိုဟ်နေဟန်မှာ တနင်းလာအရပ်၌ တနင်းလာ ကြာသပတေး ဗုဒ္ဓဟူး ရာဟု၊ ဤဂြိုဟ်တို့တည်း။ တနင်္ဂနွေအရပ်၌ တနင်္ဂနွေ စနေ ကြာသပတေး သောကြာ၊ ဤဂြိုဟ်တို့တည်း။ သောကြာအရပ်၌ သောကြာ ဗုဒ္ဓဟူး အင်္ဂါ တနင်္ဂနွေ၊ ဤဂြိုဟ်တို့တည်း။ ရာဟုအရပ်၌၊ ရာဟု၊ အင်္ဂါ၊ စနေ၊ တနင်းလာ၊ ဤဂြိုဟ်တို့တည်း။

ကြာသပတေးအရပ်၌၊ ကြာသပတေး၊ တနင်းလာ၊ တနင်္ဂနွေ၊ အင်္ဂါ၊ ဤဂြိုဟ်တို့တည်း။ စနေအရပ်၌၊ စနေ၊ တနင်္ဂနွေ၊ ရာဟု၊ ဗုဒ္ဓဟူး၊ ဤဂြိုဟ်တို့တည်း။ ဗုဒ္ဓဟူးအရပ်၌၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်းလာ၊ စနေ၊ ဤဂြိုဟ်တို့တည်း။ အင်္ဂါအရပ်၌၊ အင်္ဂါ၊ ရာဟု၊ သောကြာ၊ ကြာသပတေး၊ ဤဂြိုဟ်တို့တည်း။ ယင်းကဲ့သို့ အဆိုလက်ာအတိုင်း အင္ဂမုခဇာတ်ပုံကို မှတ်ရာ၏။

mgyoe.com

mgyoe.com



ထိုသို့ အင်္ဂမုခဓာတ်ပုံကိုချပြီးမှ လိုသောသူ၏အသက်ကိုတည်၊ ရှစ်ခုစားအကြွင်းကို တနင်းလာအရပ် အရှေ့ကစ၍ လက်ဝဲရစ် ရေလေ၊ ထိုသို့ရေပြီးမှ ကျရောက်ရာ အခွင်အတိုင်း ဟောပြောရာ၏၊ ဓာတ်ဆေးအစာတို့ကို ပေးကမ်းရာ၏၊ ဤ၌ မည်သည့်နေ့ သားတို့ကိုမဆို အရှေ့အရပ်ကချည်း လက်ဝဲရစ်ရေ၊ ကျရာအခွင် ဂြိုဟ်အမြင်တို့ကို ဆင်ခြင်လျက် လေးလုံးသော ဂြိုဟ်နံ့တို့တွင် အတွင်းဆုံး ပထမအမြင်ဂြိုဟ်နံ့သည် စန်းသုံးစန်းငုပ်ဂြိုဟ်ဖြစ်သော ကြောင့် ထိုနှင့်တူသော နံ့တူဆေး နံ့တူအစာတို့ကို မပေးကောင်း၊ ဒုတိယအမြင်ဂြိုဟ်နံ့သည် အကြေဓာတ်ခိုက် သမသော ဖြစ်သော ကြောင့် ထိုအတူ အစာနံ့တို့ကို ဆေးမသွင်းရ၊ တတိယ အမြင် ဂြိုဟ်နံ့သည် မိတ်ဂြိုဟ် ဖြစ်သောကြောင့် ဆေးအစား နံ့ဓာတ် အစာနံ့တို့ကို ပေးသွင်းလေအပ်၏၊ စတုတ္ထအမြင် ဂြိုဟ်နံ့သည် သတ္တဗိသနက္ခတ် အကြေဓာတ်ဖြစ်သောကြောင့် ဥပါဒ်လည်းမည် ရုပ်လည်းမည်သော ဂြိုဟ်ဖြစ်သတည်း။

ထိုသို့ ယူနိုင်းအပ်သော လေးပါးသောဂြိုဟ်တို့၏ပြဋ္ဌာန်းခြင်း ကို မှတ်လင့်၍ ဆောင်လိုသောသူ နေ့နံ့ဓာတ်၏ အမျိုးအက္ခရာ နံ့ဓာတ်အားဖြင့်၎င်း၊ ဒေသ၏အရာအားဖြင့်၎င်း၊ ညှိနှိုင်း တိုင်း ထွာလျက် ငုပ်လေသောဓာတ်ကို ပေါ်အောင် စသော အားဖြင့် ဓာတ်ဆေး ဓာတ်စာ အဟာရတို့ကို ပေးသွင်းရာ၏။

ထိုထက်လည်း အောင်ပကုလား စသော မိတ်၊ ဥဝေစံကူး စသော ရန်၊ ဦးညိုခေမာ စသော ရန်၊ ဓမ္မာသောက စသော ရန်ဓာတ်တို့ကိုဆင်၍ ကြဉ်သင့်ယှဉ်သင့်တို့ကို သိအပ်ရာ၏၊ ထိုသို့ သိပြီးမှလည်း ဇာတိကိန်း၊ ပဝတ္တိကိန်း၊ ဇာဂရကိန်း၊ အင်္ဂဝိဇ္ဇာ ကိန်း စသော ဂြိုဟ်၏ပရိယာယ် အသွယ်သွယ် အဝဝ ထောက်ဆ

mgyoe.com

mgyoe.com



ညှိနှိုင်း သမုဒ်လှိုင်းသို့ ညာဏ်ရှိတိုင်း ကျက်စားကြရာ၏။ ။ ဤကား အဌမုခဓာတ်ပုံလက်ာ၏ သမ္ပိဏ္ဍနတ္ထ အဓိပ္ပါယ် စကား ပြေတည်း။

## အဌမုခဓာတ်ပုံလက်ာ၏ အဝယဝတ္ထ စကားပြေ။

အရပ်ရှစ်မျက်နှာတို့ဖြင့် ပိုင်းခြားအပ်သော အဌလက်ပုံ မျဉ်း သားပြီးလျှင် အရှေ့အရပ်ကစ၍ လက်ဝဲရစ်၊ ကြာမှုဝတ်ရင့်၊ ဟူသော အဆိုအတိုင်းချရာ၏၊ ထိုဆိုအပ်သော နံဂြိုဟ်တို့၏ ထိ ခိုက်ဟန် အဓိပ္ပါယ်ကား။ ။တနင်းလာအရပ်၌၊ ပထမ အတွင်းနံ ဂြိုဟ်သည် စန်းသုံးစန်းငုပ်ဖြစ်သော မိမိ၏အရပ်တည်ရာ နံဂြိုဟ် တို့တည်း။ ဒုတိယ ကြာသပတေးဂြိုဟ်တို့သည် ၎င်းတနင်းလာနံ ဂြိုဟ်နှင့် ဓာတ်ဖက်ဖြစ်သော ဓမ္မာဂြိုဟ်တည်း။ တတိယ ဗုဒ္ဓဟူး ဂြိုဟ်သည် ၎င်းတနင်းလာနံဂြိုဟ်နှင့်၊ ကုလားဟူသော မိတ်နံဂြိုဟ် တို့ တည်း။ စတုတ္ထ ရာဟုဂြိုဟ်သည် ၎င်း တနင်းလာ ဂြိုဟ် နှင့် သတ္တာဓိသ အကြေဓာတ်ဖြစ်၍ ကိုရှာဟူသော မိတ်နံဂြိုဟ်တည်း။ ထိုအတူ တနင်္ဂနွေအိမ်၌ ပထမတနင်္ဂနွေသည် စန်းသုံးစန်းငုပ်ဖြစ် သော မိမိ၏တည်ရာနံဂြိုဟ်တည်း။ ဒုတိယစနေသည် ၎င်းတနင်္ဂနွေ ၏ ဓာတ်ဖက်ဖြစ်သော အန္တောဂြိုဟ်တည်း။ တတိယ ကြာသပ တေးသည် ၎င်းတနင်္ဂနွေနှင့် အောင်ပ ဟူသော မိတ်ဂြိုဟ်တည်း။ စတုတ္ထ သောကြာသည် ၎င်းတနင်္ဂနွေနှင့် သတ္တာဓိသအကြေ ဖြစ် ၍၊ ဥဿဟူသော မိတ်နံဂြိုဟ်တည်း။ သောကြာအိမ်၌ ပထမ သောကြာသည် စန်းသုံးစန်းငုပ်။ ဒုတိယဗုဒ္ဓဟူးသည် သောကြာ

mgyoe.com

mgyoe.com



နှင့် ဝံသေဓာတ်။ တတိယ အင်္ဂါသည် သောကြာနှင့် ဆွေသား မိတ်။ စတုတ္ထ တနင်္ဂနွေသည် သောကြာနှင့် သတ္တာဗီသအကြေ ဥသာမိတ်တည်း။ ရာဟုအိမ်၌ ပထမရာဟုသည် စန်းသုံးစန်းငုပ်။ ဒုတိယ အင်္ဂါသည် ရာဟုနှင့် စရေဓာတ်။ တတိယ စနေသည် ရာဟုနှင့် နောင်ရင်းမိတ်။ စတုတ္ထ တနင်္လာသည် ရာဟုနှင့် ကိုရှာဟူသော သတ္တာဗီသ အကြေမိတ်နံတည်း။ ကြာသပတေး အိမ်၌ ပထမ ကြာသပတေးသည် စန်းသုံးစန်းငုပ်။ ဒုတိယ တနင်္လာသည် ကြာသပတေးနှင့် ဂဗ္ဘေဓာတ်။ တတိယ တနင်္ဂနွေသည် ကြာသပတေးနှင့် အောင်ပမိတ်။ စတုတ္ထ အင်္ဂါသည် ကြာသပ တေးနှင့် သတ္တာဗီသ အကြေစိန်ပန်းမိတ်တည်း။ စနေ အိမ်၌ ပထမစနေသည် စန်းသုံးစန်းငုပ်။ ဒုတိယ တနင်္ဂနွေသည် စနေနှင့် အန္တောဓာတ်။ တတိယ ရာဟုသည် စနေနှင့် နောင်ရင်းမိတ်။ စတုတ္ထ ဗုဒ္ဓဟူးသည် စနေနှင့် သတ္တာဗီသ အကြေ ဒန်းလှမိတ်နံ တည်း။ ဗုဒ္ဓဟူးအိမ်၌ ပထမ ဗုဒ္ဓဟူးသည် စန်းသုံးစန်းငုပ်။ ဒုတိယ သောကြာသည် ဗုဒ္ဓဟူးနှင့် ဝံသေဓာတ်။ တတိယ တနင်္လာ သည် ဗုဒ္ဓဟူးနှင့် ကုလားမိတ်။ စတုတ္ထ စနေသည် ဗုဒ္ဓဟူးနှင့် သတ္တာဗီသ အကြေဒန်းလှမိတ်နံတည်း။ အင်္ဂါအိမ်၌ ပထမ အင်္ဂါ နံဂြိုဟ်သည် စန်းသုံးစန်းငုပ်။ ဒုတိယ ရာဟုနံဂြိုဟ်သည် အင်္ဂါနှင့် စရေ ဟူသောဓာတ်ဖက်။တတိယ သောကြာနံဂြိုဟ်သည် အင်္ဂါနံ ဂြိုဟ်နှင့် ဆွေသား ဟူသောမိတ်ဂြိုဟ်နံ။ စတုတ္ထ ကြာသပတေး သည်အင်္ဂါနံဂြိုဟ်နှင့် စိန်ပန်းဖြစ်သော သတ္တဗီသ အကြေနက္ခတ် တည်း။

ဤသို့ပြအပ်သော ဓာတ်နံ မိတ်နံ စသည်တို့ကို ခွဲဝေပိုင်းခြား ၍ သိသာပြီးမှ မိမိတို့ရောက်သောအိမ်နှင့် မိမိတို့၏ နေ့နံများကို

mgyoe.com

mgyoe.com



ဝေဖန်ညှိနှိုင်း၍ ဟောပြောထုတ်ဆို ဆေးအဟာရ စသည်တို့ကို ပေးသွင်းရာ၏၊ ယင်းသို့ ပေးသွင်းရာ၌ ဆင်ခြင်ကုန်ရာသည်တို့ ကား၊ ဥသာ-စိန်ပန်း ဒန်းလှကိုရှာ ဟူသော သတ္တာဗိသ အကြေ အိမ်ထောင်ဖက် မိတ်ကိုလည်းကောင်း၊ ဓမ္မာ-သောက၊ အင်းဝ-ရာဇာ ဟူသော ရန်ဓာတ်ကိုလည်းကောင်း၊ အန္တော-ဂဗ္ဘော၊ စရေ ဝံသေ ဟူသော သမသောဓာတ်ကိုလည်းကောင်း၊ ဦးဝေ-စံကူး၊ ရေဘူး-တောသူ ဟူသော ရန်ကိုလည်းကောင်း၊ ဦးညို ခေမာ၊ သုတာ-ဝေရီ ဟူသော ကမ္ဘာရန်ကိုလည်းကောင်း၊ အောင်ပ-ကုလား၊ ဆေ့သား-နောင်ရင်း ဟူသော မိတ်ကိုလည်းကောင်း၊ ဆင်ခြင်၍ဆုံးဖြတ်ရာ၏။ ထိုမှတပါး အန္တောအိမ် ဂဗ္ဘောအိမ် ဟူသော ဓာတ်အိမ်၏ လက္ခဏာအားဖြင့် မီးဓာတ်အိမ် ဖြစ်သည်၊ ရေဓာတ်အိမ်ဖြစ်သည် စသည်တို့ကိုလည်းကောင်း၊ မီး နှင့် မြေ၊ ရေနှင့်လေတို့ ရန်ဓာတ်ဖြစ်သည်ကိုလည်းကောင်း၊ မီး နှင့် လေ၊ မြေနှင့်ရေတို့ မိတ်ဓာတ်ဖြစ်သည်ကိုလည်းကောင်း၊ မီးအိမ် ရေ အိမ် စသော အမည်တို့ကို သိရာ၏။

အက္ခရာအားဖြင့် က ခ ဂ ဃ င၊ အက္ခရာငါးလုံးသည် တနင်း လာနံ မြေဓာတ်၊ ဓာတ်ဖို၊ လူမျိုးအားဖြင့် ရှမ်း၊ အရသာအား ဖြင့် အင်ဟူ၍လည်းကောင်း၊ စ ဆ ဇ ဈ ည၊ အက္ခရာငါးလုံး သည် အင်္ဂါနံ လေပြေလေညှင်းဓာတ်၊ ဓာတ်ဖို၊ လူမျိုးအားဖြင့် တလိုင်း၊အရသာအားဖြင့်အခါးဟူ၍လည်းကောင်း၊ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ အက္ခရာ ၁၀ လုံးသည် စနေနံ မီးတောက်ဓာတ်၊ လူမျိုးအားဖြင့် ကုလားလူမျိုး၊ အရသာအားဖြင့် အချဉ် ဟူ၍ လည်းကောင်း၊ ပ ဖ ဗ ဘ မ၊ အက္ခရာ ငါးလုံးသည် ကြာသပတေး ဂြိုဟ်၊ ပံသု မြေဓာတ်၊ ဓာတ်မ၊ လူမျိုးအားဖြင့် မြန်မာ၊ အရသာ

mgyoe.com

mgyoe.com



အားဖြင့် အဆိမ့် ဟူ၍လည်းကောင်း၊ ယ ရ၊ အက္ခရာနှစ်လုံးသည် ရာဟုနံ၊ လေမုန်တိုင်းခေတ်၊ ခေတ်မ၊ လူမျိုးအားဖြင့် တရုပ် တရက် ယိုးဒယားလူမျိုး၊ အရသာအားဖြင့် အဖန် ဟူ၍လည်း ကောင်း၊ လ ဝ၊ အက္ခရာနှစ်လုံးသည် ဗုဒ္ဓဟူးနံ၊ ရေသီတာခေတ်၊ ခေတ်ဖို၊ လူမျိုးအားဖြင့် ကတူးလူမျိုး၊ အရသာအားဖြင့် ချဉ် သော အရသာ ဟူ၍လည်းကောင်း၊ သ ဟ ဠ၊ အက္ခရာ သုံးလုံး သည် သောကြာနံ၊ရေငံခေတ်၊ခေတ်မ၊ လူမျိုးအားဖြင့် ကသည်း လူမျိုး၊ အရသာအားဖြင့် အချို ဟူ၍လည်းကောင်း၊ အ အာ ဣ ဤ ဥ ဦ ဧ ဩ ဟူသော သရ ရှစ်လုံးတို့သည် တနင်္ဂနွေနံ၊ မီး ခဲခေတ်၊ ခေတ်ဖို၊ လူမျိုးအားဖြင့် ဂျွန်းလူမျိုး၊ အရသာအား ဖြင့် အစပ်ဟူ၍ငင်း၊ အက္ခရာနံခေတ်၊ လူမျိုး၊ အရသာတို့ကို ဝေဖန် ခွဲကောက်လျက်၊ သင့်မသင့် လျော်မလျော်သော ခေတ် အစာနံတို့ကို ပေးသွင်းရာ၏၊ ဤသို့ ဆင်ခြင် ပေးသွင်းသဖြင့် ပိုင် နိုင်သော ဥာဏ်ပုပ္ပဂ်မရှိလေက ခပ်သိမ်းသော အနာအမျိုး ကိုး ဆယ့်ခြောက်ဖြာ ဝေဒနာရောဂါတို့ကို အလွယ်တကူ နှိမ်နင်းနိုင် ခြင်း၊ အထူးထူးသော ယတြာခန်း၊ ဗေဒင်ခန်း၊ ခရီးရောက်၊ ဥစ္စာပျောက် ယာယီနဂိုရ် ဟူသော ခပ်သိမ်းသော ဟောခန်းတို့ ကို ဝေဖန်လျက် ဟောပြောစွမ်းနိုင်ကုန်ရာသည်။ဤကား အင်္ဂမုခ ခေတ်ပုံ၏ အဝယဝတ္ထု အဓိပ္ပါယ် စကားပြေတည်း။

## အင်္ဂမုခခေတ်ပုံလက်ာ၏ ဝိဏ္ဍာရဏ္ဍ အဓိပ္ပါယ် စကားပြေ။

အရှေ့အရပ် အစရှိသော ရှစ်ပါးသောဂြိုဟ်တို့၏ တည်မြဲ တိုင်းသောဂြိုဟ်တို့ကို တပါးသောဂြိုဟ်သည် တပါးသောဂြိုဟ်

mgyoe.com

mgyoe.com



နှင့် မိတ်ဖြစ်သည်၊ ရန်ဖြစ်သည်ဟု ဆင်ခြင်၍ဟောပြောအပ်သော အဋ္ဌမုခဓာတ်ပုံကား ဤသို့တည်း။

| | | |
|---|---|---|
| ၆<br>၅<br>၀<br>၁ | ၇<br>၄<br>၅<br>၂ | ၅<br>၆<br>၇<br>၃ |
| ၁၃၄၆ | အဋ္ဌမုခ<br>ဓာတ်ပုံ | ၄၆၂၀ |
| ၇<br>၃<br>၀<br>၂ | ၅<br>၂<br>၁<br>၃ | ၀<br>၁<br>၇<br>၄ |

ယင်းပြအပ်သော ဓာတ်အိမ်နေပုံကို အမြဲနှလုံးထား၍ မေးလာသူ၏ အသက်ကိုတည်၊ ရှစ်ခုစားပြီးလျှင် ကြွင်းသမျှသော သင်္ချာဖြင့် အရှေ့တနင်္ဂနွေ တနင်းလာအရပ်က စ၍ ရေ၊ ကျရာအခွင်၌ရှိသော ဂြိုဟ်လေးလုံးတို့၏ ပရိယာယ်အားဖြင့် အကောင်းအဆိုး အကျိုးအကြောင်းတို့ကို ဟောပြောထုတ်ဆိုရာ၏။ ဥပမာအားဖြင့် အသက်နှစ်ဆယ်ရှိသောသူကို ရှစ်ခုနှင့်စားလျှင် လေးခုကြွင်းသောကြောင့် တနင်းလာအရပ်က လက်ဝဲရစ်ရေခဲ့လျှင် ရာဟု

mgyoe.com

mgyoe.com



အရပ်သို့ကျ၏၊ ထိုပြအပ်သော ဥပမာရှိသော ရာဟုအခွင်၌ တည်နေသော ရာဟု အင်္ဂါ စနေ တနင်္ဂလာ ဂြိုဟ်လေးလုံးတို့၏ ပရိယာယ်အားဖြင့် ဟောပြောရာ၏၊ ဤခွင် မည်သည့်နေ့သားမဆို အရှေ့အရပ်ကစ၍ ရေပြီးလျှင် ကျရာအခွင်၌ ဟောပြောထုတ်ဆိုရာ၏။ သရုပ်အားဖြင့် မိတ်ခေတ်တို့၏ ဖြစ်ဟန်အကြောင်းကား ဥသာ၌ တနင်္ဂနွေဂြိုဟ်သက် ခြောက်နှစ်၊ သောကြာဂြိုဟ်သက် နှစ်ဆယ့်တစ်နှစ်၊ ပေါင်း နှစ်ဆယ့်ခုနစ်ခု၊ သတ္တာဗီသကြေခြင်း။ စိန်ပန်း၌ အင်္ဂါဂြိုဟ်သက် ရှစ်နှစ်၊ ကြာသပတေးဂြိုဟ်သက် ဆယ့်ကိုးနှစ်၊ ပေါင်း နှစ်ဆယ့်ခုနှစ်ခု၊သတ္တာဗီသကြေခြင်း။ ဒန်းလှ၌ စနေဂြိုဟ်သက် တစ်ဆယ်၊ ဗုဒ္ဓဟူးဂြိုဟ်သက် ဆယ့်ခုနှစ်၊ ပေါင်း နှစ်ဆယ့်ခုနှစ်ခု၊ သတ္တာဗီသကြေခြင်း။ ကိုရှာ၌ တနင်္ဂလာဂြိုဟ်သက် ဆယ့်ငါးနှစ်၊ ရာဟုဂြိုဟ်သက် ဆယ့်နှစ်နှစ်၊ ပေါင်း နှစ်ဆယ့်ခုနှစ်ခု၊ သတ္တာဗီသကြေခြင်း ဟူသော နက္ခတ်ကြေ မိတ်ဖက် စသည်ကို သိရာ၏။

## အဠမုခခေတ်အိမ်ကို မြေ ရေ လေ မီး ခွဲ၍ပြခြင်း။

အရပ်ရှစ်မျက်နှာဖြစ်သော အဠမုခခေတ်အိမ်၌ မြေ ရေ လေ မီး ဟူသော ခေတ်လေးပါးတို့ဖြင့် ခွဲကောက်သော်၊ တနင်္ဂလာအိမ်နှင့် ကြာသပတေးအိမ် နှစ်ပါးသည် ဂဗ္ဘေခေတ် ဖြစ်သောကြောင့် မြေခေတ်မည်၏။ သောကြာအိမ်နှင့် ဗုဒ္ဓဟူးအိမ် နှစ်ပါးသည် ဝံသေခေတ်ဖြစ်သောကြောင့် ရေခေတ်အိမ်မည်၏။ ရာဟုအိမ်နှင့် အင်္ဂါအိမ် နှစ်ပါးသည် စရေခေတ် ဖြစ်သောကြောင့်

mgyoe.com

mgyoe.com



လေခေတ်အိမ်မည်၏။ ထိုသို့ဖြစ်သောကြောင့် ဟောခန်းတို့အရာဝယ် အစာပေးခြင်း စသည်ကို ပြုမည်ရှိကာလ မီးခေတ်အိမ်သို့ကျသည်၊ ရေခေတ်အိမ်သို့ကျသည် စသည်တို့ဖြင့် ဆင်ခြင်ရာ၏၊ ထိုသို့ဆင်ခြင်ပြီး၍လည်း မီးခေတ်အိမ်သို့ကျလျှင် မီးတောက်စေတတ်သော ခေတ်နံ အစာအဟာရ အဆောင်အရွက်တို့ကို မပေးလေအပ်၊ မပြုလေအပ်။ ရေခေတ်အိမ်သို့ကျလျှင် အာပေါလွန်စေတတ်သော ခေတ်နံ အစာအဟာရ အဆောင်အရွက်တို့ကို မပေးလေအပ်၊ မပြုလေအပ်။ လေခေတ်အိမ်သို့ကျလျှင် ဝါယောလွန်စေတတ်သော ခေတ်နံ အစာအဟာရ အဆောင်အရွက်တို့ကို မပေးလေအပ်၊ မပြုလေအပ်။ မြေခက်အိမ်သို့ကျလျှင် ပထဝီလွန်စေတတ်သော ခေတ်နံ အစာအဟာရ အဆောင်အရွက်တို့ကို မပေးလေအပ်၊ မပြုလေအပ်။ လွန်လျှင်လျော့အောင်၊ လျော့လျှင်ပွားအောင် ဆောင်ပျက်ခိုက်ငုပ် လွန်ဆုံး ချုပ်ဟူသော လက္ခဏာအတိုင်း ဆင်ခြင်ရာ၍ ခေတ်နံ အစာအဟာရ အဆောင်အရွက်တို့ကို ပေးလေအပ် ပြုလေအပ်ကုန်၏။

ခေတ်တို့၏သဘောအားဖြင့်ကား၊ အန္တောခေတ်သည် မီးခေတ် ဖြစ်သောကြောင့် လောင်ကျွမ်းစေတတ်၏၊ ပူလောင်စေတတ်၏၊ ထိုသို့ဖြစ်၍ အန္တောအိမ်ဝယ် ပူလောင်ခြင်း လွတ်ကင်းသော အစာအဟာရတို့ဖြင့်သာလျှင် ထောက်ပံ့ရာ၏။ ဂဗ္ဘေခေတ်သည် မြေခေတ်ဖြစ်၍ ခိုင်မာထောက်ပံ့တတ်၏၊ ပထဝီကိုပွားစေသော အစာအဟာရတို့ဖြင့်သာ ထောက်ပံ့ရာ၏။ စရေခေတ်သည် လေခေတ်ဖြစ်၍ လှုပ်ရှားရွေ့လျောစေတတ်၏၊ ထို့ကြောင့် ငြိမ်သက်အေးမြသော အစာအဟာရတို့ဖြင့်သာ ထောက်ပံ့ရာ၏။ ဝံသေခေတ်သည် ရေခေတ်ဖြစ်၍ အေးမြစေတတ်၏

mgyoe.com

mgyoe.com



စိုစွတ်စေတတ်၏၊ ထို့ကြောင့် ပူသောအစာအဟာရတို့ဖြင့်သာ ထောက်ပံ့ရာ၏၊ ယင်းသို့သောလက္ခဏာကိုဆောင်သဖြင့် မြေ ရေ လေ မီး ဟူသော ဓာတ်ခွဲတို့ကို ဝေဖန် ကောက်ယူရာသတည်း။

## အင်္ဂမုခဓာတ်အိမ်၌ ရန်ဓာတ် မိတ်ဓာတ် တို့ကို ပြခြင်း။

အရပ်ရှစ်မျက်နှာတို့ဖြင့် ပိုင်းခြားအပ်သော အင်္ဂမုခဓာတ် အိမ်၌ ရန်ဓာတ် မိတ်ဓာတ်အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထို နှစ်ပါးတို့တွင် တနင်းလာအိမ် ကြာသပတေးအိမ် နှစ်ပါးသည် မြေဓာတ် ဂဗ္ဘေအိမ် ဖြစ်သောကြောင့် မီးဓာတ်အိမ် ဖြစ်သော တနင်္ဂနွေအိမ် စနေ အိမ် နှစ် ပါး နှင့် ရန် ဓာတ် အိမ် မည် ၏ ။ သောကြာအိမ်နှင့် ဗုဒ္ဓဟူးအိမ် နှစ်ပါးသည် ရေဓာတ် ဝံသေအိမ် ဖြစ်သောကြောင့် လေဓာတ်အိမ်ဖြစ်သော ရာဟုအိမ် အင်္ဂါအိမ် နှစ်ပါးနှင့် ရန်ဓာတ်အိမ်မည်၏။ ဤသို့ လျှင် ရန် ဖြစ် သော လက္ခဏာကို သိအပ် မှတ်အပ်ကုန်၏။ မိတ်ဖြစ်သော လက္ခဏာ ကား၊ မြေဓာတ်ဖြစ်သော တနင်္လာ ကြာသပတေး ဂဗ္ဘေအိမ် နှစ်ပါးသည် ရေဓာတ်ဖြစ်သော ဗုဒ္ဓဟူး သောကြာ ဝံသေဓာတ် အိမ် နှစ်ပါးနှင့် မိတ်အိမ်ဖြစ်၏။ မီးဓာတ်ဖြစ်သော တနင်္ဂနွေ စနေ အန္တောအိမ် နှစ်ပါးသည် လေဓာတ်ဖြစ်သော ရာဟု အင်္ဂါ စရေဓာတ်အိမ် နှစ်ပါးနှင့် မိတ်ဖြစ်သောအိမ်မည်၏။ ထို့ကြောင့် မူလမွေးနေ့ဖြစ်သောနံ၊ ဆောင်လိုသောနံတို့၏ မီးနှင့် မြေ၊ ရေနှင့် လေ ရန်ဖြစ်သည်ကိုလည်းကောင်း၊ မီး နှင့် လေ၊ မြေနှင့် ရေ မိတ်ဖြစ်သည်ကိုလည်းကောင်း ဆင်ခြင် ထောက်ရှုသဖြင့် ပေး

mgyoe.com

mgyoe.com



အပ်သော အစာအဟာရ အဆောင်အရွက် လိုသော ဓာတ်နံ့တို့ကို ပြုလုပ်စီရင်ကုန်ရာသတည်း။ ဆိုအပ်သောအစဉ်ဖြင့် ဓာတ်အိမ်၏ လက္ခဏာပုံကို ဤသို့သိအပ်၏။

| | | |
|---|---|---|
| မီး<br>၀<br>၁ | မြေ<br>၅<br>၂ | လေ<br>၈<br>၃ |
| ရေ<br>၄၆ | ဓာတ်ပုံ | ရေ<br>၄၆ |
| ၈<br>၃<br>လေ | ၅<br>၂<br>မြေ | ၀<br>၁<br>မီး |

ပြအပ်သော အဋ္ဌလက်ပုံဖြင့် မြေ ရေ လေ မီး ဟူသော ဓာတ်အိမ်ကို သိသဖြင့် မိတ်ရန် အဆင့်ဆင့်ဖြစ်ပုံကို ကောက်ယူလျက် ဗေဒင်ဟောခြင်း ဆေးပေးခြင်း၊ ယာယီယတြာပြုလုပ်ခြင်း၊ အစီအရင် အဆောင်အရွက်တို့ကို ပြုလုပ်ခြင်းတို့၌ ထိုးထွင်းဉာဏ်သက်လေကုန်။ ဤ၌ ဓာတ်လေးပါးအိမ်တို့သည် ပါပသူရဇ္ဇစသော ဓာတ်အိမ်တို့နှင့် သဘောကွဲပြားကြကုန်၏။

mgyoe.com

mgyoe.com



# အင်္ဂုမုခဓာတ်အိမ်၌ အက္ခရာ မိတ်ရန် တို့ကို ပြခြင်း။

အရပ်ရှစ်မျက်နှာတို့ဖြင့် ပိုင်းခြားအပ်သော အင်္ဂုမုခဓာတ်အိမ်၌ အက္ခရာအားဖြင့် မိတ်ရန်ဖြစ်ပုံတို့ကား က ခ ဂ ဃ င၊ ပ ဖ ဗ ဘ မ၊ ဟူသော မြေဓာတ်အက္ခရာ ၁၀ လုံးသည် ဂရုဗ္ဗေ ဟူသော ပထဝီဖြစ်သောကြောင့် ဍ ဎ ဏ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ အ အာ ဣ ဤ ဥ ဦ ဧ ဩ၊ ဟူသော ဆယ့်ရှစ်လုံးသော တေဇော မီးဓာတ်နှင့် ရန်ဖြစ်သောအိမ်ရန်ဖြစ်သော အက္ခရာနှံ မည်ကုန်၏။ လ ဝ သ ဟ ဠ ဟူသော ရေဓာတ် အက္ခရာ ငါးလုံးသည် အာပေါ ဖြစ်သောကြောင့်၊ စ ဆ ဇ ဈ ည ယ ရ၊ ဟူသော ခုနစ်လုံးသော ဝါယော လေဓာတ်နှင့် ရန်ဖြစ်သောအိမ် ရန်ဖြစ်သော အက္ခရာနှံ မည်ကုန်၏။

မိတ်ဖြစ်ဟန်လက္ခဏာကား၊ က ခ ဂ ဃ င၊ ပ ဖ ဗ ဘ မ၊ ဟူသော မြေဓာတ်အက္ခရာ ဆယ်လုံးသည် ရေဓာတ်ဖြစ်သော လ ဝ သ ဟ ဠ၊ ဟူသော အက္ခရာငါးလုံးနှင့် မိတ်ဖြစ်သောအိမ်၊ မိတ်ဖြစ်သော အက္ခရာနှံ မည်ကုန်၏။ ဍ ဎ ဏ ဋ ဌ ဍ ဎ ဏ၊ တ ယ ဒ ဓ န၊ အ အာ ဣ ဤ ဥ ဦ ဧ ဩ၊ ဟူသော မီးဓာတ် အက္ခရာဆယ့်ရှစ်လုံးသည် လေဓာတ်ဖြစ်သော စ ဆ ဇ ဈ ည၊ ယ ရ အက္ခရာ ခုနစ်လုံးတို့နှင့် မိတ်ဖြစ်သောအိမ်၊ မိတ်ဖြစ်သော အက္ခရာနှံ မည်ကုန်၏။ ယင်းသို့ပြအပ်သော ဓာတ်ပုံ၏လက္ခဏာ၊ မြေ ရေ လေ မီး တို့၏ မိတ်ရန်လက္ခဏာ၊ အက္ခရာတို့၌ မိတ်ရန်လက္ခဏာတို့ကို ဆင်ခြင်ထောက်ရှု၍ အထပ်ထပ် ကရွတ်ဂင်းရှောက် လေ့လာ ကျက်စားလျက် ဓာတ်အစာ ဆေးတို့ကိုရင်း၊ အခါယတြာတို့ကိုရင်း

mgyoe.com

mgyoe.com



စီမံဆောင်ရွက်ကုန်ရာ၏။ ဤကား အင္ဂမုခခေတ်ပုံ လက်ာ၏ ဝိတ္ထာရတ္ထ အဓိပ္ပါယ် စကားပြေတည်း။

အင္ဂမုခ ဒုတိယကဏ္ဍ ပြီး၏။

## တနင်းလာအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် တနင်းလာဟူသော ကြာမှုံ့ဝတ်ရင့် အိမ်၌ကျရောက်လာမူ၊ မကျန်းမာခြင်း ဘေးအန္တရာယ်ရှိလျှင် ပထမလက်မွန်ရှေးဦးစွာ ကိုရှာ ဟူသော သတ္တာဗီသ အကြေခေတ်နံကိုကောက်၍ အပဆုံးဖြစ်သော ရာဟုနံကို ပေးရာ၏။ ထိုသို့ပထမပေးအပ်သောအစာနံသည် မထိခိုက်သဖြင့် ရောဂါ အနာ မရွေ့သျှော မဆုတ်ယုတ်ရှိလေမှ ဗုဒ္ဓဟူးနံ၊ ရာဟုနံ နှစ်ပါးစပ်သောခေတ်ကို ပေးသွင်းကုမရာ၏။ ထိုသို့ပေးသွင်း ကုမသဖြင့် ချမ်းသာသောအဖြစ်သို့ ရောက်ရာသတည်း။ ။ဤကား သာမန်ဟောခန်း စကားပြေမျှတည်း။

## တနင်းလာအိမ်သို့ရောက်သော တနင်္ဂနွေသား။

စီစစ်သောအားဖြင့်ကား၊ အရှေ့အရပ်ဖြစ်သော တနင်းလာ အိမ်သို့ အကြင်ခုနှစ်ရက်သားတို့တွင် တနင်္ဂနွေသားကျရောက်လာမူ မကျန်းတောသော် ထို တနင်္ဂနွေသားသည် အန္တောခေတ်သားဖြစ်သောကြောင့်၊ တနင်းလာအိမ် ဂဗ္ဘေ မြေခေတ်နှင့် ရန်ခေတ်အိမ်ဖြစ်၍ သည်းထန်စွာ နာတတ်သည်။ ထိုသော်လည်း ရောဂါ အနာ၏လက္ခဏာကိုကြည့်လျက် သရက်သီး ရှောက်သီး စသော ရာဟုနံ အသီး၊ ရာဟုနံ သားငါးတို့ကို ပေးရာ၏၊ ပေးသည်နှင့်

mgyoe.com

mgyoe.com



တကွနက် တပဟိုရ် နှစ်ပဟိုရ် အတွင်း၌ ခေါက်ခိုက်သောအား ဖြင့် ချမ်းသာသုခရလေအံ့။ ထိုနှင့်မှ ငြိမ်းချမ်းခြင်းမရှိမူ စနေ ဗုဒ္ဓဟူးနံဖြစ်သော နာနုတ်၊လင်းလေ စသည်တို့ကို ဆေးအစာပြု၍ ပေးသွင်းအပ်၏။ ဒုတိယ ကြာသပတေးသည် အဆောင် အကြေ ခေါက်နံပင် ဖြစ်သော်လည်း တနင်္ဂနွေသားသည် တနင်းလာအိမ် သို့ ရောက်ခိုက် မိတ်ဖြစ်လေသောကြောင့် အထူးသဖြင့် စောင့် ရှောက်နိုင်သော ခေါက်နံမည်၏။ ထိုသို့ဖြစ်သော်လည်း အထက် ဆိုခဲ့ပြီးသော ခေါက်စာ ဆေး အဟာရတို့နှင့် ပေးသွင်း ကုမ၍ မရ မနိုင်မှသာ မိမိ၏မိတ်နံ ကြာသပတေးခေါက်ကို အစာပြု၍ ဆေးပြု၍ ပေးသွင်းရာ၏။ ။ဤကား တနင်္ဂနွေသား တနင်း လာအိမ်သို့ ရောက်သောအခါ စီစစ်၍ ဆေး အစာ ပေးသွင်းရန် စကားပြေတည်း။

## တနင်းလာအိမ်သို့ရောက်သော တနင်းလာသား။

အရှေ့အရပ်ဖြစ်သော တနင်းလာဇာိမ်သို့ အကြင် တနင်းလာ သားပင် ကျရောက်အံ့၊ မိမိခေါက်အိမ်ပင်ဖြစ်သောကြောင့် သည်း ထန်စွာ မနာနိုင်ရာ။ ထိုပင်ဖြစ်သော်လည်း ပထဝီခေါက်အိမ်ဖြစ်၍ ရှည်ကြာသော ခေါင်းရည်း ဦးခဲ စသော ရောဂါအနာမျိုးတို့ ကျရောက်လေတတ်၏၊ ပေးသွင်းရာ ခေါက် ဆေး အဟာရတို့ကား ဆိုအပ်ပြီးသော လက္ခဏာရှိသော ရာဟုနံကိုပင် အနာ၏ ဖြစ်အင် ကို ဆင်ခြင်၍ ပေးသွင်းကုမရာ၏။ ထိုနှင့်မှ မချမ်းသာသည်ဟု ဖြစ်ခဲ့ပြန်မူ၊ ဒုတိယ ပေးသွင်းအပ်သော ဗုဒ္ဓဟူး စနေ နှစ်ပါးတို့

mgyoe.com

mgyoe.com



အနက် မိမိ၏မိတ်နံဖြစ်သော ဗုဒ္ဓဟူးခေတ်စာ ဝက်သား၊ မျှစ်၊ ဝါး အစရှိသည်တို့ကို ထောက်ချင့်စာနာ၍ ပေးသွင်းကုမရာ၏။ မိမိအိမ်နှင့် ရန်ခေတ် တေဇော မီးအိမ်ဖြစ်သော ငှ ငွှ ဍ ၀ ဏ၊ တ ထ ဒ ဓ န၊ အ အာ ဣ ဤ ဥ ဦ ဧ ဩ၊ ဤ ဆယ့်ရှစ်လုံးသော အက္ခရာနံတို့ဖြင့် မှည့်ခေါ်လေသော ဆေး ခေတ် အစာ အဟာရ တို့ကို အလျဉ်းပင်မယှဉ်အပ်။အကယ်၍ တမူပေးအပ်သော မိတ်နံ ခေတ်နံဖြစ်သော်လည်း တနင်းလာအိမ်၌ ထိုအက္ခရာခေတ်နံတို့ကို အလျဉ်းမယှဉ်လေအပ်၊ အလျဉ်းမပေးလေအပ်ဟုအမြဲမှတ်။ ။ ဤကား တနင်းလာသား တနင်းလာအိမ်သို့ပင်ရောက်သောအခါ ဆေး အစာပေးသွင်းရန် စကားပြေတည်း။

## တနင်းလာအိမ်သို့ရောက်သော အင်္ဂါသား။

အရှေ့ အရပ်ဖြစ်သော တနင်းလာအိမ်သို့ အကြင်အင်္ဂါသား ကျရောက်လာအံ့၊ ခြသေ့်နှင့်ကျား၊ မိတ်မပြား၊ ချစ်ညား ကြည် မေတ္တာ၊ ဟူ၍ ပရိဘာသာလာသောကြောင့် ဥပါဒ်အန္တရာယ် တွေ့ရှိသော်လည်း ယာယီမျှသာဖြစ်ရမည်၊ အကယ်တမူ တွေ့ကြုံ ထိခိုက်မူ၊ ဆိုခဲ့ပြီးသောအစာနံတို့ကို ဆက်ပေးလျက် အထူးသဖြင့် စတုတ္ထမြောက်ဖြစ်သော မိမိမူလနံနှင့် ခေတ်ဖက် ရာဟုနံဆေး၊ ရာဟုနံ အစာအဟာရတို့ကို ပေးသွင်းကုမရာ၏။ ထို သို့ မှ တ ဖန် မရပြန်မူ ခြသေ့်နှင့်ဆင်၊ တောမြိုင်ခွင်၊ ချစ်ခင်ကြမြဲသာ။ ဟု ပရိဘာသာလာသောကြောင့် ဗုဒ္ဓဟူးနံအစာ ဗုဒ္ဓဟူးနံဆေးတို့ကို ပေးသွင်းကုမသဖြင့် အဆောတလျင် ငြိမ်းအေးစေတတ်သော တတိယမြောက် ဆေးအစာနံဖြစ်သည့်အတိုင်း မုချ စင်ကင်းလွင့် ပျောက်လိမ့် ဟူသတည်း။ ။ဤကား အင်္ဂါသား တနင်းလာ

mgyoe.com

mgyoe.com



အိမ်သို့ရောက်သောအခါ ဆေး အစာ ပေးသွင်းရန် စကားပြေ တည်း။

## တနင်းလာအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

အရှေ့အရပ်ဖြစ်သော တနင်းလာအိမ်သို့ အကြင်ဗုဒ္ဓဟူးသား ကျရောက်လာအံ့၊ ဆင်နှင့်ကားကျား၊ မိတ်ဟူငြား၊ ကျားကား အစာ၊ ဆင်ထံမှာ။ ဟူ၍ ပရိဘာသာလာသောကြောင့် ကမ္ဘာ မိတ်ပင်ဖြစ်ကြရကား ကြီးကျယ်သောဥပါဒ်အန္တရာယ်တို့ကို အခွင့် မပေးနိုင်လေရာ မအိမသာဖြစ်သော်တမူ၊ အခြားနံကို မပေးလေ အပ်။ တတိယမိတ်နံ ဗုဒ္ဓဟူးအစာ ဗုဒ္ဓဟူးဆေးတို့ကိုပင် ပေးလေ အပ်၏။ အဟောလက်ာ၌ အန္တကရိ၊ ဟိုင်းနှင့်ဖိကာ၊ ငြိမ်း၏အမှန်၊ ဟူ၍ ဟောဆိုသော်လည်း၊ ဗုဒ္ဓဟူးသား၌ ၎င်းရာဟုနံသည် ရန် အစစ်ဖြစ်လေသောကြောင့် အလျဉ်းပင်မပေးလေအပ်။ လက်ာ စကားသည် သာမန်သော နေ့သားကိုသာ ရည်၍ဆိုလေသည်။ ထိုကြောင့် မိတ်ရန်အထပ်ထပ်တို့ကို ဆင်ခြင်၍ ပေးသွင်းကြလေ ကုန်။ ။ဤကား ဗုဒ္ဓဟူးသား တနင်းလာအိမ်သို့ ရောက်သော အခါ ဆေး ခဲတ် အစာ ပေးသွင်းရန် စကားပြေတည်း။

## တနင်းလာအိမ်သို့ ရောက်သော ကြာသပတေးသား။

အရှေ့အရပ်ဖြစ်သော တနင်းလာအိမ်သို့ အကြင် ကြာသပ တေးသားသည် ကျရောက်အံ့၊ ဇီဝါဗျဂ္ဃ၊ နှလုံးရှု၊ ရန်စသမီးမှာ။ ဟူ၍ ပရိဘာသာလာသောကြောင့် ထိုကြာသပတေးသားသည်

mgyoe.com

mgyoe.com


ကြီးမှူးသူဖြင်က မထောင်းတာ၊ ငယ်ရွယ်သူဖြစ်က သည်းထန်စွာ အနာဥပဒ်ရတတ်သည်။ ထိုထက်လည်း မိန်းမဖြစ်အံ့၊ သာ၍ပင် ရောဂါအနာရောက်သော် ပြင်းပြ သည်းထန်စွာ ဖြစ်တတ်သည်။ ထိုသော်လည်း မိမိအိမ်လည်း ဂဗ္ဘေခတ်အိမ် ကျရောက်သော တနင်းလာအိမ်၊ ခတ်အိမ်လည်း ဂဗ္ဘေခတ်အိမ်လည်းဖြစ်သော ကြောင့် ပျက်စီးသေကြေလိမ့်မည်ဟု အလျှဉ်းပင်မဆိုလေအပ်၊ ပေးသင့်သော အစာ ဆေးတို့မှာ ကြွက်နှင့်ဆင်မှု၊ မိတ်အတူ၊ ကြည်ဖြူမျှားသည်သာ။ ဟူ၍ ပ ရိ ဘာ သာ လာ သော ကြောင့် ဗုဒ္ဓဟူးနံအစာကိုသာ မုချပေးသွင်းအပ်၏။ ပူးနှင့်ဟိုင်းကျ၊ ရန်ဟုပြ၊ မုချစွဲမှတ်ပါ။ ဟု ပရိဘာသာလာသောကြောင့် အဟော လင်္ကာ၌ ဟိုင်းနှင့်ဖိက၊ ငြိမ်း၏အမှန်။ ဟု အဟော ထုတ်ဖော် သော်လည်း သာမန်ရည်ညွှန်းသော စကားဟုမှတ်၍ ကြာသပတေးသားအရာ၌ ခတ် ဆေး အစာတို့ကို ရာဟုနံဖြင့်မပေးမသွင်း လေအပ်။ ။ဤကား ကြာသပတေးသား တနင်းလာအိမ်သို့ ကျရောက်သောအခါ ဆေး ခတ် အစာပေးသွင်းရန် စကားပြေ တည်း။

## တနင်းလာအိမ်သို့ရောက်သော သောကြာသား။

အရှေ့အရပ်ဖြစ်သော တနင်းလာအိမ်သို့ အကြင် သောကြာသား ကျရောက်လာအံ့၊ မုဆိုးနှင့်ကျွား၊ မိတ်အလား၊ တွေ့ငြားခိုးသူသာ။ ဟု ပရိဘာသာလာသောကြောင့် သက်သာယောင် နှင့် သည်းထန်သောရောဂါအနာ ရောက်တတ်သည်။ ကျန်းမာ ခြင်းကိုလိုသည်မှ တပါးသော ပရိယာယ်တို့၌ ချစ်ယောင်ဆောင်

mgyoe.com

mgyoe.com



သော အဆွေခင်ပွန်းဟူသော ပရိဘာသာကိုယူရမည်။ မုဆိုး ဟူသည်ကား သောကြာနံကိုပင် ပရိယာယ်မှတ်။ ပေးသွင်းအပ်သော ဆေး အစာတို့ကား ဝံသေဓာတ်ဖြစ်၍၊ မိမိကျရောက်သော တနင်းလာအိမ်၏၊ တတိယမိတ်ဗုဒ္ဓဟူးနံ ဆေး၊ဗုဒ္ဓဟူးနံ အစာတို့ကို ပေးသွင်းလေ။ အကယ်တမူ သည်းထန်စွာသော အနာရောဂါကိုပင် ရလေသော်လည်း မီးဓာတ်နှင့်လေ၊ ရေနှင့်မြေ၊ မိတ်ဆွေတော်ကြ၊သဟာယ။ ဟူ၍ ပရိဘာသာလာသောကြောင့် ရေဓာတ်အိမ်ဖြစ်သော သောကြာသားသည် မြေဓာတ်အိမ်ဖြစ်သော တနင်းလာ ဌာနသို့ ကျရောက်လာသောကြောင့် ပျက်စီးသေကြေလိမ့်မည် ဟူသောစကားကို အလျဉ်းပင်မဆိုအပ် မဟောအပ်လေ။ ။ ဤကား သောကြာသား တနင်းလာအိမ်သို့ကျရောက်သောအခါ ဆေးအစာ ဓာတ်အစာတို့ကို ပေးသွင်းရန် စကားပြေတည်း။

## တနင်းလာအိမ်သို့ရောက်သော စနေသား။

အရှေ့အရပ်ဖြစ်သော တနင်းလာအိမ်သို့ အကြင် စနေသား ကျရောက်လာအံ့၊ နဂါးနှင့်ကျား၊ တွေ့ကြုံငြား၊ ကုန်ငြားကျေးကျွန်မှာ။ ဟူ၍ ပရိဘာသာလာသောကြောင့် ထိုစနေသားသည် ကြီးကဲသောသူဖြစ်မူ၊ မထောင်းတာ၊ ယုတ်ညံ့သောသူဖြစ်မူကား သည်းထန်စွာသော အနာရောဂါရောက်တတ်၏။ ထိုသော်လည်း စတုတ္ထမြောက် ဆေး အစာနံသည် မိတ်နံ ရာဟုဖြစ်သောကြောင့် ဟိုင်းနှင့်ဖိကာ၊ ငြိမ်း၏အမှန်။ ဟူသော လင်္ကာ အဟောထုတ်အပ်သည့်အတိုင်း ပထမ ရာဟုဓာတ်နံကိုပင် ဆေးအစာ ဓာတ်အစာကို ပေးသွင်းကုမှုရာ၏၊ ပေးသွင်းကုမလေ။ ။ ဤကား

mgyoe.com

mgyoe.com



စနေသားသည် တနင်းလာအိမ်သို့ကျရောက်သောအခါ ပေးသွင်းကုမရန် အစိပ္ပါယ် စကားပြေတည်း။

ထိုမှုကြွင်းသော အပယတြာ၊ ပြေမှုတ်ခြင်း၊ စောင်းတီးခြင်း၊ ရေရုံခြင်း၊ မီးရှုံခြင်း၊ စသော ပရိယာယ်တို့ကိုလည်း ကြံကြလေကုန်။ ။အဌမပုဒ်ခတ် ပထမ တနင်းလာအိမ်၊ ကြာမှုံဝတ်ရင့်အကျဉ်းဟောခန်း စကားပြေ ပြီး၏။

## တနင်္ဂနွေအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် တနင်္ဂနွေ ဟူသော အတင့်ပြီးသည့်အိမ်၌ကျရောက်လာမူ၊မကျန်းမာခြင်း ဘေးအန္တရာယ်ရှိလျှင်ပထမရှေးဦးစွာ နဂိုရ်ပူးမင်း၊ ခလေလျှင်းက၊ ကြေမွပျက်ပြား။ ဟူသော အဟောလင်္ကာအရ ဥသာ ဟူသော သတ္တာဗီသ အကြေခတ်နံ့ကိုကောက်၍ အပဆုံးဖြစ်သော သောကြာနံ စတုတ္ထမြောက် ခတ်စာ သီးသီး၊ သစ်သော့သီး စသည်တို့ကို အနာ၏လက္ခဏာကို ထောက်ခြင့်၍ ပေးသွင်းကုမရာ၏။ ထိုသို့မှုလည်းမကျန်းတောသော မိတ်တူဟိရည၊ နောက်ထပ်ပြစေ။ ဟူသောအဟောလင်္ကာအရ ကြာသပတေးနံ့ဖြစ်သော မိမိအိမ်၏မိတ်စာ၊ဘူး ပဲ ပေါက်ပန်းဖြူ စသည်တို့ကို အနာ၏လက္ခဏာကို ဆင်ခြင်၍ ပေးသွင်းကုမသဖြင့် ချမ်းသာသောအဖြစ်သို့ ရောက်ရာသတည်း။ ။ဤကား သာမန်သော ဟောခန်း စကားပြေမျှသာဖြစ်၏။

mgyoe.com

mgyoe.com



## တနင်္ဂနွေအိမ်သို့ရောက်သော တနင်္ဂနွေသား။

အရှေ့မြောက်ထောင့် အရပ်ဖြစ်သော တနင်္ဂနွေအိမ်သို့ အကြင် ခုနစ်ရက်သားတို့တွင် တနင်္ဂနွေသားပင် ရောက်လာအံ့၊ အနေ့ဓာတ်အိမ်ဖြစ်သောကြောင့် အရသာအားဖြင့် ပူပြင်းလွန်းသောဓာတ် အစာ အဟာရတို့ကို မပေးတည့်ရာ။ ဆိုအပ်ပြီးသော လက္ခဏာကိုလျှင် ဓာတ်စာပြုကုန်၍ သောကြာနံနှင့် စပ်သော အစာနံ ဆေးနံတို့ဖြင့် ပေးသွင်းကုမကုန်ရာ၏။ မိမိအိမ်သားပင် ဖြစ်လေသောကြောင့် ကြီးကျယ်စွာ ဖြစ်ပွားရန်မရှိဟု အဟော ထုတ်လေကုန်။ ။ဤကား တနင်္ဂနွေသားသည် တနင်္ဂနွေအိမ် သို့ပင် ကျရောက်သောအခါ ပေးသွင်းကုမရန် အဓိပ္ပါယ် စကား ပြေတည်း။

## တနင်္ဂနွေအိမ်သို့ရောက်သော တနင်္လာသား။

အရှေ့မြောက်ထောင့် အရပ်ဖြစ်သော တနင်္ဂနွေအိမ်သို့ အကြင် တနင်္လာသား ကျရောက်လာအံ့၊ ကျားနှင့်ဂဠုန်၊ မိတ် ဟောင်းကြုံ၊ ပေါင်းတုံတလှည့်သာ။ ဟု ပရိဘာသာလာသော ကြောင့် ရံဖန်ဆင်းရဲ၊ ရံဖန်ချမ်းသာစေတတ်သော သုခဒုက္ခ နှစ်ပါးစပ် အဗျာကတ လက္ခဏာသို့ သက်လေ၍ အနာရောဂါပင် ရရှိသော်လည်း ကြီးကျယ်စွာမဖြစ်နိုင်ရာ။ ထိုတွင် ပေးသွင်းအပ် သောအစာကား ကြာသွေးနုနယ်ဟု ပရိဘာသာလာသောကြောင့် တနင်္ဂနွေသား၌ မိတ်ရထိုက်သော သောကြာနံ အစာကိုပင် ပေး သွင်းအပ်၏၊ ပေးသွင်းလေကုန်။ ။ဤကား တနင်္လာသား

mgyoe.com

mgyoe.com



သည် တနင်္ဂနွေအိမ်သို့ ကျရောက်သောအခါ ပေးသွင်းရန် ဆေးခေါတ် အစာနံ၏ စကားပြေတည်း။

## တနင်္ဂနွေအိမ်သို့ရောက်သော အင်္ဂါသား။

အရှေ့မြောက်ထောင့် အရပ်ဖြစ်သော တနင်္ဂနွေအိမ်သို့ အကြင် အင်္ဂါသားကျရောက်အံ့၊ ခြသေ့ဂူစံ၊ ဂဠုန်ပျံ၊ သက်နှံ့ မိတ်ပေါင်းသာ။ ဟု ပရိဘာသာလာသောကြောင့် ကမ္ဘာရန်ဂြိုဟ်ပင် ဖြစ်သော်လည်း မပျက်မစီးနိုင်ဟုမှတ်။ တပါးတုံလည်း၊ မိမိခေါတ်အိမ်သည် စရေလေခေါတ်၊ တနင်္ဂနွေအိမ်သည် အဋ္ဌော မီးခေါတ်၊ မိတ်ဆွေစပ်သောအိမ်ဖြစ်၍ မကျန်းတောရှိသော်လည်း အဆောတလျင် အလွယ်တကူနှင့်ကင်းငြိမ်းအံ့ဟု သိလင့်၍ မိမိနှင့် ဆွေသားဖြစ်သော စတုတ္ထမြောက် ဆေး အစာ သောကြာနံ့ သောကြာဆေးကို ပေးအပ်၏။ ။ဤကား အင်္ဂါသားသည် တနင်္ဂနွေအိမ်သို့ ကျရောက်သောအခါ ပေးသွင်းကုမရန် စကားပြေတည်း။

## တနင်္ဂနွေအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

အရှေ့မြောက်ထောင့် အရပ်ဖြစ်သော တနင်္ဂနွေအိမ်သို့ အကြင် ဗုဒ္ဓဟူးသား ကျရောက်လာအံ့၊ ဆင်ဂဠုန်ပ၊ ကြီးမိဖ၊ သောကတူမကွာ။ ဟု ပရိဘာသာလာသောကြောင့် ရင်းဗုဒ္ဓဟူးသားသည် ငယ်သောသူဖြစ်မူ မထောင်းတာ၊ မိဖသူကြီးဖြစ်လျှင် ဥပါဒ်အန္တရာယ် ငြိတွယ်စွဲကပ်က အကြီးအကျယ် စွဲရောက်လေတတ်သည်၊ ပေးအပ်သော ခေါတ် အစာမူကား မိမိနံနှင့် ဝံသေ

mgyoe.com

mgyoe.com


ခေတ်၊ ခေတ်အိမ်၌ စတုတ္ထမြောက်သော သတ္တာဗီသ အကြေ
ဥသာမိတ်ကို ဆင်ခြင်လျက် သောကြာနံကိုပင်ပေး၊ ထိုသို့မှ
မသက်သာသော်လည်း ဆင်နှင့်ကြွက်ကား၊ မေတ္တာအား၊ လား
လား ကင်းပစွာ။ ဟု ပရိဘာသာလာသောကြောင့် တတိယ
အစာနံကို မပေးမထောက်ပံ့လေအပ်၊ သက်သာ ဖြေး ညှင်း စွာ
သောကြာနံကိုသာလျှင် ထပ်ကာထပ်ကာ အရသာ အစာလဲ၍
ပေးသွင်းကုမအပ်၏၊ ပေးသွင်းကုမလေ။ ။ ဤကား ဗုဒ္ဓဟူး
သားသည် တနင်္ဂနွေအိမ်သို့ ကျရောက်သောအခါ ပေးသွင်းကုမ
ဆင်ခြင်ရာသော အဓိပ္ပါယ်ဟောဝန်း စကားပြေတည်း။

## တနင်္ဂနွေအိမ်သို့ရောက်သော ကြာသပတေးသား။

အရှေ့မြောက် ထောင့် အရပ် ဖြစ် သော တနင်္ဂနွေအိမ်သို့
အကြင်ကြာသပတေးသားသည် ကျရောက်အံ့၊ ကြွက်နှင့်ဂဠုန်၊
တဖန်ကြုံ၊ အယုံမရှိရာ။ ဟု ပရိဘာ သာ လာ သော ကြောင့်
အောင်ပ မိတ်ပင် ဖြစ်သော်လည်း ကြာသပတေးက ယာယီလာ
ခိုက်ဖြစ်၍ ဥပါဒ်အန္တရာယ်ရောက်လျှင် မိတ်ဟူ၍မဆိုသာချေ။
တရပ်လည်း အန္တော မီးခေတ်အိမ်သို့၊ ဂဗ္ဘေ မြေခေတ်လာရောက်
ခြင်းကြောင့် ရန်ခေတ်ဖြစ်လေရကား ထိပါးရှုနခြင်း အကြီး
အကျယ်ဖြစ်တတ်သည်ဟု အဟောထုတ်ပြီးမှ အန္တောခေတ်ကို
အမှီပြု၍ စနေနံခေတ်တပါးကိုသာ အမြဲ ပေး သွင်း အပ် ၏၊
သောကြာခေတ်နံ၊ ကြာသပတေးခေတ်နံတို့ကို မပေးမသွင်းရာ၊
စနေနံ နွားနို့ နို့ဓမ်းတို့ကိုသာ အနာ၏လက္ခဏာကို ဆင်ခြင်၍

mgyoe.com

mgyoe.com



ပေးသွင်း ကုမရှာသတည်း။ ။ဤကား ကြာသပတေးသား သည် တနင်္ဂနွေအိမ်သို့ ကျရောက်သောအခါ ပေးသွင်းကုမရှာသော အဓိပ္ပါယ် စကားပြေတည်း။

## တနင်္ဂနွေအိမ်သို့ရောက်သော သောကြာသား။

အ ရှေ့ မြောက် ထောင့် အ ရပ်ဖြစ် သော တနင်္ဂနွေအိမ်သို့ အကြင် သောကြာသား ကျရောက်လာအံ့၊ ပူးလည်းတချက်၊ ဂဠုန်ငှက်၊ ရန်ဖက်မကင်းရာ။ ဟု ပရိဘာသာလာသောကြောင့် ရောဂါဥပါဒ်ရောက်ခဲ့လျှင် ကြီးပွားတိုးတက်တတ်သည်၊နဂိုပူးမင်း ခဲလေလျှင်းက၊ကြေမွပျက်ပြားဟု အဟောလက်ာလာသော်လည်း သောကြာနံကို မပေးလေအပ်၊ ဓာတ်အိမ် တနင်္ဂနွေ၏ မိတ်ဖြစ် သော တတိယဆေးချက် ကြာသပတေးနံ ဆေးတို့ကိုသာ ပေးရာ ၏၊ အပဓာတ်နှင့်ကုမလိုသော် ပြွေမှုတ်ခြင်း၊ မီးရှုံခြင်း၊ မောင်း တီးခြင်း စသည်တို့ဖြင့် ကုမလေက ငြိမ်းချမ်းခြင်းသို့ အဆော တလျှင် ရောက်အံ့ ဟုဆုံးဖြတ်သည့်အတိုင်း အနာ၏လက္ခဏာကို ဆင်ခြင်၍ ကုမ ထောက်ပံ့လေ။ ။ ဤကား သောကြာသား တနင်္ဂနွေအိမ်သို့ရောက်သောအခါ ဟောထုတ်ညွှန်ပြ ကုမရန် ဖြစ် သော အဓိပ္ပါယ် စကားပြေတည်း။

## တနင်္ဂနွေအိမ်သို့ရောက်သော စနေသား။

အ ရှေ့ မြောက် ထောင့် အ ရပ် ဖြစ် သော တနင်္ဂနွေအိမ်သို့ အကြင် စနေသားကျရောက်ခဲ့အံ့၊ မီးဓာတ်ဖြစ်သော မိမိ၏ စနေ အိမ်မှ သမသတ် မီးဓာတ်အိမ်ဖြစ်သော တနင်္ဂနွေအိမ်သို့ ရောက် သောကြောင့် ဘေးအန္တရာယ်ရောက်မှု မထောင်းတာလှ၊ ထိုသော်

mgyoe.com

mgyoe.com



လည်း ပေးသွင်းရန်အစာတို့ကို ဤသို့သိအပ်၏။ အပဆုံး စတုတ္ထဂြိုဟ် သောကြာနံသည် စနေသား၌ သုတရန်ကျသောကြောင့် ပေးသွင်းခြင်းငှာမလျော်၊ ကြာသပတေးနံနှင့်စပ်သော ခါတ်စာနံ ဆေးနံတို့ကို ပေးသွင်းကုမလေအပ်၏၊ ထိုကြာသပတေးသည် ပဝတ္တိအိမ်၏အလိုအားဖြင့် မိတ်ဂြိုဟ်ဖြစ်သောကြောင့် ရှောင်တခင်ပင် ကျန်းမာချမ်းသာကြောင်း ဖြစ်လိမ့်မချွတ်တည်း။ ။ ဤကား စနေသားသည် တနင်္ဂနွေအိမ်သို့ ကျရောက်သောအခါ ကုမ ထောက်ပံ့ရသော အဓိပ္ပါယ် စကားပြေတည်း။ ။ ထိုမှတပါးသော အက္ခရာတို့၌ ရန်ဖြစ်ခြင်း မိတ်ဖြစ်ခြင်း ဟူသော ခါတ်စာတို့ကိုလည်း ယှဉ်သင့် ကြဉ်သင့် ထောက်မျှော်၍ အနာ၏လက္ခဏာကိုဆင်ခြင်လျက် ပေးသွင်းကုမလေ။ ။အင်္ဂမုခခါတ် ဒုတိယ တနင်္ဂနွေအိမ် အတင့်ပြီးသည် အကျဟောခန်း စကားပြေ ပြီး၏။

## သောကြာအိမ်ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် သုံးလည်စိုးအုပ် ဟူသော အင်္ဂမုခခါတ် သောကြာအိမ်သို့ကျရောက်မူ(တောင်ဟုန်ရှိန်ပြင်း၊ ဂင္ဂုန်မင်းအား၊ နှိမ်နင်းစေရ၊ ဆေးချက်ပြလော)ဟု အဟောလင်္ကာလာသည့်အတိုင်း ဥသာခါတ်ဖြစ်သော သတ္တာဗီသကြေတနင်္ဂနွေနံ အုန်း၊ ဥ၊ တို့ကို အစာပေးသွင်းရာ၏။ ထိုနှင့်မှရောက်သော အနာရောဂါမငြိမ်းခဲ့လျှင် သောကြာနံ အင်္ဂါနှင့်စပ်သော သီးသီး၊ ကသစ်၊ သံသတ် စသော အစာနံ ဆီး၊ ညောင် စသော အစာနံတို့ကိုပေးသွင်းရာ၏၊ ထိုသို့ပေးသွင်းသဖြင့် အနာရောဂါငြိမ်းအံ့ဟူ၏။ အပခါတ်အားဖြင့်ကား စောင်းညှင်းတီးခြင်း၊

mgyoe.com

mgyoe.com



ပတ်သာတီးခြင်း၊ ပုဆိုးစောင်ကာခြင်း၊ သံသတ်၊ ကသစ် စသော အခက်အကိုင်းတို့ကို စိုက်ထောင်ခြင်းဖြင့် အောင်မြောက်ရာသော် ဟူ၏။ ။ဤကား သာမန်သော ဟောခန်း စကားပြေတည်း။

## သောကြာအိမ်သို့ရောက်သော တနင်္ဂနွေသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင် တနင်္ဂနွေ သားသည် ကျရောက်ခဲ့အံ့၊ ဂင္ဃုန်ပူးပ၊ ရန်များစွ၊ သောကမလွတ် ရာ။ ဟု ပရိဘာသာလာသောကြောင့် မိမိနေ့နံနှင့် ဓာတ်အိမ် စောင့်နံသည် ဉသာမိတ်ပင် ကြုံသော်လည်း မကျန်းတောသော် သောကြာနံ စတုတ္ထဓာတ်စာ၊ စတုတ္ထနံဆေးကို မပေးတည့်ရာ၊ အင်္ဂါဖြစ်သော ဓာတ်နံကိုကား မိမိ၏နေ့နံနှင့် ရန်ပင်ဖြစ်သော် လည်း ဓာတ် အိမ် သော ကြာ နှင့် ဆွေ သား မိတ် ဖြစ် သော ကြောင့် ထောက်ပံ့လေအပ်၏။ ထိုထက်အလွန်လည်း ဝံသေ ဓာတ်ဖြစ်သော ဗုဒ္ဓဟူးနံ၊ ဝက်၊ ယုန်၊ လိပ် စသော ဟင်းလျာ ဓာတ်စာ ဆူးလေ မြတ်လေး စသော ဆေးအစာနံတို့ကို ရောဂါ အနာ၏လက္ခဏာကို ထောက်ခြင့်၍ ပေးသွင်း ကုမရာ၏။ ။ ဤကား တနင်္ဂနွေသားသည် သောကြာအိမ်သို့ရောက်သောအခါ ဟောခန်း စကားပြေတည်း။

## သောကြာအိမ်သို့ ရောက်သော တနင်္လာသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင်တနင်္လာ သားသည် ကျရောက်ခဲ့အံ့၊ ကျားနှင့်မုဆိုး၊ သည်နှစ်မျိုး၊ ဟော ရိုး ခြွေရံကွာ။ ဟု ပရိဘာသာလာသောကြောင့် အထီးကျန် သော လက္ခဏာသို့ရောက်ရကား ရောဂါအနာရောက်ခဲ့မူ၊ ဆင်းရဲ

mgyoe.com

mgyoe.com



ပြိုပြင်စွာကြုံတွေ့တတ်သည်၊ဆေးဓာတ် အစာအားဖြင့်ကား မြေ ဓာတ်အိမ်သားသည် ရေဓာတ်အိမ်သို့ရောက်သောကြောင့် မိတ် ဖြစ်သည့်အတိုင်း ထိခိုက်သဖြင့် ကင်းပလွယ်၏၊ ပြေပျောက်လွယ် ၏၊ ထိုကြောင့် ဓာတ်အစာနံဖြစ်သော တနင်္ဂနွေနံကိုကောက်၍ အယုတ်သဖြင့် အိုးကိုရံကာမျှဖြစ်သော အပဓာတ်ပင် ငြိမ်းစေ တတ်၏။ အုန်း ဥ စသော ဓာတ်စာနံတို့ကား ဆိုဖွယ်မရှိသည် သာတည်း။ ။ဤကား တနင်းလာသားသည် သောကြာအိမ် သို့ ကျရောက်သောအခါ ဆေး ဓာတ် အစာ ပေးသွင်းရန် စကား ပြေတည်း။

## သောကြာအိမ်သို့ရောက်သော အင်္ဂါသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင်အင်္ဂါသား သည် ကျရောက်ခဲ့အံ့၊ ဆွေသားတော်ရွှေ၊ မိတ်စစ်ပေ၊ ပုံသေလှဲ့ မကွာ။ ဟု ပရိဘာသာလာသောကြောင့် မိတ်အိမ်အစစ်ဖြစ်လေ ရကား၊ ရောဂါဗျာဓိ ကပ်ငြိပေါ်ပေါက်သော်လည်း အကြီး အကျယ် မဖြစ်မရောက်ရာ၊ မအီမသာရှိသော်မူကား ဓာတ်တူ အင်္ဂါနံကိုသာ ပေးသွင်းကုမရာ၏။ တောင်ဟုန်ရှိန်ပြင်း၊ ဂဠုန် မင်းအား၊ နှိမ်နင်းစေရ၊ ဆေးချက်ပြလော ဟု အဟောလက်ာ လာရှိသော်လည်း၊ မိမိ၏မွေးနံအင်္ဂါနှင့် တနင်္ဂနွေ ဓာတ်နံသည် ဦးညို ဟူသော ကမ္ဘာရန်အစစ်ဖြစ်လေရကား၊ဤအရာ၌ မုချဆေး မမည်၊ ထိုကြောင့် အလျင်းပင်မယှဉ်လေအပ်၊ အကယ်တမူ မိမိ နံတူနှင့် မကင်းမပရှိခဲ့လျှင် ဗုဒ္ဓဟူးနံ အစာကိုသာ ထောက်ပံ့ လေ။ ။ဤကား အင်္ဂါသားသည် သောကြာအိမ်သို့ ကျရောက် သောအခါ ပေးသွင်းကုမရန် အစိပ္ပါယ် စကားပြေတည်း။

mgyoe.com

mgyoe.com



## သောကြာအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင် ဗုဒ္ဓဟူးသားသည် ကျရောက်ခဲ့သည်ဖြစ်အံ့၊ ဝံသေ ဓာတ်အိမ်ပင်ဖြစ်သောကြောင့် ကြီးကြီးကျယ်ကျယ် အနာဥပဒ် မရောက်တည့်နိုင်ရာ။ မအိမသာရှိသော်မူကား စတုတ္ထဆေးချက်ဖြစ်သော တနင်္ဂနွေနံ၊ ထိုမှတပါး ဒုတိယ တတိယ ဖြစ်သော ဗုဒ္ဓဟူးနံတူ အင်္ဂါအိမ်၏ မိတ်နံတို့ကို ပေးသွင်းကာမျှဖြင့် ထခြောက် အောင်မြင်လွယ်အံ့၊ အယုတ်သဖြင့် ပလိုင်းလွယ်ခြင်း၊ ကမ္ဗလွေကို ဆောင်ခြင်းမျှ ဖြစ်သော အပဓာတ်နှင့်ပင် ငြိမ်းလိမ့်ဟူ၏။ ။ဤကား ဗုဒ္ဓဟူးသားသည် သောကြာအိမ်သို့ ကျရောက်သောအခါ ဆေးဓာတ်ပေးကုရန် အဓိပ္ပါယ် စကားပြေတည်း။

## သောကြာအိမ်သို့ ရောက်သော ကြာသပတေးသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင် ကြာသပတေးသား ကျရောက်ခဲ့အံ့၊ ကြွက်နှင့်ပူးပင်၊ မေတ္တာဝင်၊ ချစ်ခင်လှသည်သာ။ ဟု ပရိဘာသာလာသောကြောင့် ဥပဒ်အန္တရာယ် ငြိတွယ်ကပ်စွန်းမှုလည်း အကြီးအကျယ်မဖြစ်နိုင်ရာ။ မိမိ၏နံဓာတ်အိမ်သည် ဂဗ္ဘေ မြေဓာတ်အိမ် ဖြစ်သဖြင့်၊ ဝံသေ ဟူသော ရေဓာတ်အိမ်နှင့် မိတ်ဖြစ်ကြသောကြောင့် စိုးရိမ်ဖွယ်မရှိ။ မအိမသာရှိခဲ့မူ ဆိုခဲ့ပြီးသော လက္ခဏာဖြင့် အိုးရုံခြင်း၊ ပလိုင်းလွယ်ခြင်း၊ ကမ္ဗလွေကိုဆောင်ခြင်း စသောအပဓာတ်နှင့်ပင် လွတ်ငြိမ်းချမ်းသာလိမ့်မည်ဟူ၏။ ။ဤကား ကြာသပတေးသားသည်

mgyoe.com

mgyoe.com



သောကြာအိမ်သို့ ကျရောက်သောအခါ ခေတ်စားပေးသွင်းကုမရန် အစိပ္ပါယ် စကားပြေတည်း။

## သောကြာအိမ်သို့ရောက်သော သောကြာသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင် သောကြာသားပင် ကျရောက်လာအံ့၊ မိမိခေတ်အိမ်ပင် ဖြစ်သောကြောင့် ထွေထူးကျုံးလှုံ့ခြင်းမရှိနိုင်ရာ။ မအိမသာရှိခဲ့မူကား သတ္တာဗီသအကြေဖြစ်သော တနင်္ဂနွေကိုသာ ထောက်ပံ့ရာ၏။ ခေတ် ဆေးအစာ ဖြစ်သော တတိယ အင်္ဂါနံကို မပေးတည့်ရာ(ကေသရာမည်၊ ခြင်္သေ့ဆီကို၊တလီနောက်ထပ်၊ ပေးစေအပ်၏) ဟု အဟောလင်္ကာ၌ဆိုသော်လည်း ပူးနှင့်ဆင်မူ၊ သောကထူ၊ ဆာပူလောင်မီးသာ။ ဟု ပရိဘာသာလာ၍ အင်္ဂါနံအစာသည် သောကြာနံ၏ရန်ဖြစ်လေသောကြောင့် ပယ်အပ်၏။ ဆွေသားသာမိတ်ဖြစ်သည်၊ သားဆွေ မိတ်မဖြစ် ဟူလို။ ။ဤ ကား သောကြာ သား သည် သောကြာအိမ်သို့ပင် ရောက်သောအခါ ဆေး ခေတ် အစာ ပေးသွင်းရန် စကားပြေတည်း။

## သောကြာအိမ်သို့ရောက်သော စနေသား။

မြောက်အရပ်ဖြစ်သော သောကြာအိမ်သို့ အကြင် စနေသားကျ ရောက် လာ အံ့၊ အန္တောအိမ် ဖြစ်သော မီးခေတ်အိမ်သည် စံသေအိမ်ဖြစ်သော ရေခေတ်အိမ်သို့ ကျရောက်လာသောကြောင့် လျစ်လျူသဘောရှိရကား မကျန်းတောသော်လည်း အကြီးအကျယ်မဖြစ်နိုင်ရာ။ နဂါးပူးတုံ၊ လွန်ကြည်ယုံ၊ မိတ်ကြုံမြဲမကွာ။

mgyoe.com

mgyoe.com



ဟု ပရိဘာသာလာသည်နှင့်အညီ သုတရန်မဟုတ်၊ တသု မိတ်ဖြစ်လေသောကြောင့်၊ မအိမ်သာရှိသော် အလွယ်တကူ ကင်းငြိမ်းရာ၏။ ထိုကြောင်းရကား တနင်္ဂနွေနံ အဋ္ဌေခေတ်နှင့်ပင် ဆေးအစာ ပေးသွင်းလေ၊ ပေးသွင်းအပ်၏။ ။ဤကား စနေသားသည် သောကြာအိမ်သို့ကျရောက်သောအခါ ဆေးအစာနံခေတ်ခေတ်အစာနံတို့ကို ပြဆိုအပ်သော စကားပြေတည်း။ ။အဌမုခခေတ် တတိယ သောကြာအိမ်၊ သုံးလီစိုးအုပ်၊ အကျ ဟော ခန်းအမိပ္ပာယတ္တ စကားပြေ ပြီး၏။

## ရာဟုအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် ရဲစွမ်းထုတ်က ဟူသော အဌမုခခေတ် ရာဟုအိမ်သို့ကျရောက်ခဲ့မူ (အဋ္ဌေဘောမ၊ဂြိုဟ်ပါပကို၊ သောမနှင့်ခြေ၊ အကြေနက္ခတ်၊ တလုံးရပ်၏။) ဟု အဟောလက်ာလာသည့်အတိုင်း သောမဂြိုဟ် တနင်္လာနံနှင့်ပင်၊ ကိုရှာဟူသော သတ္တဝါဗီသ အကြေဖြစ်၍ ငြိမ်းရာ၏။ ထိုကြောင့်လည်း တနင်္လာနံသည် အောင်ရာအောင်ကြောင်းမည်၏။ မအိမ်သာ မကျန်းမာသော် တနင်္လာနံဖြစ်သော ကြက်သား၊ကြိုးသား၊ခါသားတို့ကို ခေတ်အစာပေးရာ၏။ အပခေတ်အားဖြင့် မိကျောင်းတီးခြင်း၊ လင်းကွင်းတီးခြင်း၊ စသည်တို့ဖြင့် ငြိမ်းရာ၏။ ငယ်ရွယ်သူတို့၌ ကြေး ငွေ ခမဲ ပေးသဖြင့် လွတ်ငြိမ်းရာ၏။ ထိုနှင့်မှ မငြိမ်းခဲ့ဟူ၍ ခေတ်ဖက်ဖြစ်လေသော အင်္ဂါနံ ပါပခေတ်စာတို့ကိုမပေးလေရာ။ ဤရာဟုအိမ်၌ အင်္ဂါနံသည် ရာဟုနံနှင့် ရာဇာရန်လည်းဖြစ်သည်။ ပါပခေတ်ကိုလည်း မယှဉ်အပ်သောအိမ်လည်း ဖြစ်သည်။ ထိုကြောင့် မှားယွင်းအံ့သောအကြောင်းကို ဥာဏ်သက်ဝင်ရာ၏။

mgyoe.com

mgyoe.com



ဟိုင်းနှင့်ခြသေ့်၊ အတူတွေ့၊ ရန်ငွေ့မစဲရာ။ဟူ၍လည်း ပရိဘာသာ လာချေသည်။ ။ဤကား ရာဟုအိမ်၌ သာမန်သော ဟောခန်း စကားပြေတည်း။

## ရာဟုအိမ်သို့ရောက်သော တနင်္ဂနွေသား။

အ နောက် မြောက် အ ရပ် ဖြစ် သော ရာဟုအိမ်သို့ အကြင် တနင်္ဂနွေသားကျရောက်ခဲ့မူ၊ မီးခေတ်အိမ်သားသည် လေခေတ် အိမ်သို့ ကျရောက်သောကြောင့် မီးခေတ်နှင့်လေ၊ ရေနှင့်မြေ၊ မိတ်ဆွေတော်ကြ၊ သဟာယ။ ဟု ပရိဘာသာလာသည်နှင့်အညီ ဥပဒ်အန္တရာယ်ပင်တွေ့ကြုံသော်လည်း သည်းထန်စွာ မဖြစ်တည့် နိုင်ရာ။ ဂဠုန်နှင့်ဟိုင်း၊ အာဏာလှိုင်း၊ ခိုင်းနိုင်းမြတ်ဆရာ ဟူ၍ လည်း ပရိဘာသာလာသောကြောင့် အကြီးအကဲဖြစ်သောသူတို့ ၌ တစိုးတစိသောဥပဒ်တုံ့မှုလည်း မဖြစ်တည့်နိုင်ရာ။ ငယ်သူတို့ ၌သာ မအီမသာဖြစ်တတ်ချေ၏။ပေးသွင်းရန် ခေတ် ဆေး အစာ တို့လည်း လွယ်လင့်၏။ အဘယ်ကြောင့်ဟူမူ ဂဠုန်နှင့်ကျား၊ မိတ်မပြား၊ ရငြားခင်ပွန်းစာ။ ဟု ပ ရိ ဘာ သာ လာ ပြန် သော ကြောင့် တနင်္ဂနွေသည် တနင်္လာ၏ မိတ်စစ်ဖြစ်ရကား ၎င်း တနင်္လာလည်း ရာဟုခေတ်အိမ်၌၊ ကိုရှာ။ ဟူသော သတ္တာဇီသ အကြေ၊ ခေတ် ဆေး အစာဖြစ်၍ တနင်္လာနံကို သြတ္တာပြုကာ မျှဖြစ်သော ကြိုးတန်း ကြိမ်တန်းကို ကိုင်စေကြည့်စေကာမျှဖြင့် မအီမသာခြင်း၊ ဥပဒ်အန္တရာယ်ငြိမ်းအေးခြင်းသို့ ရောက်လိမ့်မည် ဟူ၏။ ။ဤကား တနင်္ဂနွေသားသည် ရာဟုအိမ်သို့ရောက်သော အခါ ခေတ် ဆေး ပေးရန် စကားပြေတည်း။

mgyoe.com

mgyoe.com



## ရာဟုအိမ်သို့ရောက်သော တနင်းလာသား။

အနောက်မြောက်အရပ်ဖြစ်သောရာဟုအိမ်သို့ အကြင် တနင်းလာသားသည် ကျရောက်လာအံ့၊ ကျွဲနှင့်ဟိုင်းမူ၊ မီးအတူရှိန်ပူပြင်းသည်သာ။ ဟု ပရိဘာသာလာကြောင့် ဥပါဒ်အန္တရာယ်ကျရောက်ခဲ့သော် ရှူးရှူးရှားရှား၊ သည်းထန်စွာ ဖြစ်တတ်၏။ သို့သော်လည်း ရာဟု၏မိတ်ဖြစ်လေသော စနေနံကို ထောက်ပံ့သဖြင့် လွတ်ငြိမ်းရာ၏။ စနေနံဟူသော်လည်း တပါးတည်းမထောက်ပံ့အပ်။ မိမိ၏နံတူဖြစ်သော တနင်းလာစပ်လျက် ခါတ်ဖက်နံအစာကိုသာပေးရာ၏။ ပေးရန်အစာကား ခွေးတောက်၊ ကြက်တက်၊ ခတက် စသော ခါတ် ဆေး အစာနံ တို့တို့သာ ပေးသွင်းကုမရာ၏။ ။ ဤကား တနင်းလာသားသည် ရာဟုအိမ်သို့ ကျရောက်သောအခါ ဆေး ခါတ် အစာ ပေးသွင်းရန် စကားပြေတည်း။

## ရာဟုအိမ်သို့ရောက်သော အင်္ဂါသား။

အနောက်မြောက်ထောင့်အရပ်ဖြစ်သော ရာဟုအိမ်သို့ အကြင် အင်္ဂါသား ကျရောက်သည်ဖြစ်အံ့၊ ခြသေ့်ဟိုင်းဆင်၊ မိတ်အမြင်၊ ဆင်ခြင်ရှိသည်သာ။ ဟု ပရိဘာသာလာသောကြောင့် ရောဂါ ဥပါဒ်တွေ့ကြုံသော်လည်း အကြီးအကျယ်မတွေ့နိုင်ရာ။ မအီမသာရှိသော်မူကား မိမိခါတ်အိမ်နှင့် နောင်ရင်းမိတ်ဖြစ်သော တတိယ မြောက် စနေနံ နွားနို့ နို့ဓမ်းတို့ကို ခါတ်စာပေးရာ၏။ ဤမျှ

mgyoe.com

mgyoe.com



တည်းဖြင့် ကျန်းတော ချမ်းသာခြင်းသို့ ရောက်လိမ့်သတည်း။ အပဓာတ်အားဖြင့် ကုမလိုမူကား နှင်းပန်းရုံခြင်း၊ နှင်းပန်းကို နမ်းရှူစေခြင်း၊ ပိတောက်ပန်းရုံခြင်း၊ ပိတောက်ပန်းကို နမ်းရှူစေခြင်း၊ ပိတောက်ကိုင်း၊ ပိတောက်ခက်တို့ကို ရုံစေခြင်း စသော အားဖြင့်ကုမရာ၏။ ။ ဤကား အင်္ဂါသားသည် ရာဟုအိမ်သို့ ကျရောက်သောအခါ ဆေးအစာ ဓာတ်အစာ ပေးသွင်းရန် အဓိပ္ပါယ် စကားပြေတည်း။

## ရာဟုအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

အနောက်မြောက်ထောင့်အရပ်ဖြစ်သော ရာဟုအိမ်သို့ အကြင် ဗုဒ္ဓဟူးသား ကျရောက်ခဲ့သည်ဖြစ်အံ့၊ ဆင်နှင့်ဟိုင်းမင်း၊ တွေ့လေ ခြင်း၊ ယိုယွင်းကြေးငွေသာ။ ဟု ပရိဘာသာလာသောကြောင့် ရှုံ့ကြမ်းသောဝေရီဓာတ် ဖြစ်လေသည်လည်းတချက်၊ ရေဓာတ် ဝံသေအိမ်သားသည်၊ လေဓာတ် စရေအိမ်သို့ကျရောက်သည်လည်း တချက်၊ ထိုကြောင့် ပြင်းပြပူလောင်စွာသော ရောဂါဥပါဒ်တို့ နှင့် ကြုံတတ်သည်။ ထိုသို့သော်လည်း မိမိနေ့နံနှင့် မိတ်ကြိုက် ရာဟု ဓာတ်နှင့်ရှင်း၊ ထိုသို့မိတ်ဖြစ်သော တနင်းလာနံ ဓာတ်စာ ငါး၊ ငါးကြင်းတို့ကိုပေးသွင်းကုမရာ၏။ အပဓာတ်အားဖြင့် မိကျောင်း တီးခြင်း၊ လင်းကွင်းတီးခြင်း၊ ကြေးသံရိုက်ခြင်း စသောအား ဖြင့် ဆင်ခြင်ကုမရာ၏။ ။ဤကား ဗုဒ္ဓဟူးသားသည် ရာဟုအိမ် သို့ရောက်သောအခါ ဓာတ် အစာ ပေးသွင်းရန် အဓိပ္ပါယ် စကား ပြေတည်း။

mgyoe.com

mgyoe.com



## ရာဟုအိမ်သို့ရောက်သော ကြာသတေးသား။

အနောက်မြောက်ထောင့်အရပ်ဖြစ်သော ရာဟုအိမ်သို့ အကြင် ကြာသပတေးသားသည် ကျရောက်ခဲ့သည်ဖြစ်အံ့၊ ကြွက်နှင့်ဟိုင်း လျှင်၊ ကျော်စောထင်၊ စွမ်းအင်တန်ခိုးသာ။ ဟု ပရိဘာသာလာ သောကြောင့် ကြီးကျယ် ဝန်လေးသော ရောဂါအန္တရာယ်တို့ မရောက်နိုင်ရာ။မအိမသာရှိသော်မူကား မိမိ၏ကြာသပတေးနံနှင့် ဂဗ္ဘေခတ်၊ ရာဟုခတ်နံနှင့်၊ ကိုရှာ မိတ်ဖြစ်သော တနင်းလာနံ ကို ပေးသွင်းကာမျှဖြင့် ကင်းပျောက်အံ့။ အပခတ်အားဖြင့် ဆိုအပ်ခဲ့ပြီးသော မိကျောင်း သင်းကွင်း ကြေးသံ ငွေသံ တို့နှင့် ပင် ကုမလေ။ ။ ဤကား ကြာသပတေးသားသည် ရာဟုအိမ် သို့ ကျရောက်သောအခါ ဆေး ခတ် အစာ ပေးရန် စကားပြေ တည်း။

## ရာဟုအိမ်သို့ရောက်သော သောကြာသား။

အနောက်မြောက်ထောင့်အရပ်ဖြစ်သော ရာဟုအိမ်သို့ အကြင် သောကြာသား ကျရောက်ခဲ့သည်ဖြစ်အံ့၊ ပူးနှင့်ဟိုင်းကျ၊ ရန်ဟုပြ၊ မုချစွဲမှတ်ပါ။ ဟု ပရိဘာသာလာသောကြောင့် ကျော့ကျည်း သည်းထန်စွာသော် အနာရောဂါတို့စွဲကပ်တတ်သည်။ ဝံသေ ဖြစ် သော ရေခတ်သားသည်၊ စရေဖြစ်သော လေခတ်အိမ်သို့ ရောက်သောကြောင့် ခဲကပ်စွာကုမမှ လွတ်ငြိမ်းရာ၏။ ပေးသွင်း ရန် ခတ် အစာ နံတို့ကား သောကြာနှင့် တနင်းလာသည် သောက သောကြာနှင့်၊ စနေလည်း သုတ၊ သောကြာနှင့် အင်္ဂါ လည်း သားဆွေမြန်လင့်၊ ရန်အခွင့်၊ မသင့်မှတ်လေပါ။ ဟု ပရိ

mgyoe.com

mgyoe.com



ဘာသာလာသောကြောင့် ရန်ချည်းနှင်နှင်ဖြစ်လေရကား စတုတ္ထ တတိယ ဒုတိယ နံသုံးပါးလုံးပင် တပါးတည်းနံဖြင့် ဆေးအစာ နံ ခဲတ်အစာနံ မမည်ကုန်။ ထိုကြောင့်လည်း အထူးသဖြင့်ကြံ ဆင်ခြင်လျက် ရာဟုခဲတ်အိမ်၏ ဆေး ခဲတ် အစာ အရင်းမူလ ဖြစ်သော စနေ တနင်းလာကိုလျှင် ပေးသွင်းရာ၏။ ထိုတွင်လည်း နဂါးပူးတုံ၊ လွန်ကြည်ယုံ၊ မိတ်ကြုံမြဲမကွာ။ ဟု ပရိဘာသာလာ သောကြောင့် မိမိမွေးနံ သောကြာနှင့်၊ တသု ဟူသော မိတ်ပြန် ကျရကား စနေနံအရင်း သောကြာနံ အများပေါ်သော ဆေး အစာ ခဲတ်အစာတို့ကို ပေးသွင်းရာ၏။ ပေါ်သော ခဲတ်စာတို့ ကား နို့သစ်၊ ထန်းသီး ဟူသော အစာတို့ ပေါ်ကုန်၏။ အပ ယတြာအားဖြင့် စနေနံဘုရားကို သီးသီး ဘောဇဉ်ကပ်လှူခြင်း၊ ကသစ်ပန်း စသည်တို့ဖြင့် ပူဇော်ခြင်း၊ ယတြာပြုသော် ငြိမ်းရာ ၏။ ။ဤကား သောကြာသားသည် ရာဟုအိမ်သို့ ကျရောက် သောအခါ ဆေးအစာ ခဲတ်အစာပေးရန် အဓိပ္ပါယ် စကား ပြေတည်း။

## ရာဟုအိမ်သို့ရောက်သော စနေသား။

အနောက်မြောက်ထောင့်အရပ်ဖြစ်သော ရာဟုအိမ်သို့ အကြင် စနေသား ကျရောက်ခဲ့သည်ဖြစ်အံ့၊ နဂါးအသူရိန်၊ မေတ္တာရှိန်၊ ဂုဏ်သိန်လင်းသည်သာ။ ဟု ပရိ ဘာ သာ လာ သော ကြောင့် နောင်ရင်း မိတ်ဖြစ်ရကား အနာဥပဒ်ဒ် အကြီးအကျယ်မဖြစ်တည့် နိုင်ရာ။ မအိမသာရှိသော်မူကား မိမိ၏နံတူ ရာဟုအိမ်၏ တတိယ မြောက် ဆေး အစာ ဖြစ်သော စနေနံကိုပင်လျှင် ပေးသွင်း ကုမ

mgyoe.com

mgyoe.com



ရာ၏။ ဤသို့ပေးသွင်းကာမျှဖြင့် အိသာ ကျန်းတောလိမ့် သတည်း။ ။ဤကား စနေသားသည် ရာဟုအိမ်သို့ ကျရောက်သော အခါ ပေးသွင်းကုမရန် အဓိပ္ပါယ်စကားပြေတည်း။ ထိုမှတပါး မိတ်၊ ခါတ်၊ ရန်၊ ဥဒါသိန် တြိရှန်းစတုရန်း၊ ပဥ္စပွတ်ဆပ္ပတ်၊ အစာယတြာတို့ကို အတွင်းခါတ် အပခါတ်၊ အဝေးခြသေ့်ဟောက် အနီးခြသေ့်ဟောက်၊ စသည်တို့ဖြင့် ဥာဏ်အားရှိသမျှ ထိုးထွင်းကုမကြလေကုန်။ ။အဌမုခခါတ် စတုတ္ထရာဟု အိမ်၊ရဲစွမ်းထုတ်က အကျဟောခန်း စကားပြေ ပြီး၏။

## ကြာသပတေးအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် မြဲကုပ်အစူး ဟူသော အဌမုခခါတ် ကြာသပတေးအိမ်သို့ကျရောက်ခဲ့မူ၊(ကေသရာခံ ခြသေ့်ပျံနှင့်၊ နံသင့်ခစေ) ဟု အဟောလင်္ကာလာသည့်အတိုင်း ခြသေ့်နံဖြစ်သော အစာနံဆေးဖြင့် ပေးသွင်းကုမရာ၏။ ပေးသွင်း အပ်သော အစာနံကား ဆိတ်သား၊ဆတ်သား၊ လယ်ပုဇွန်၊ကုန်းပုဇွန်၊ ပုဇွန်ဆိတ် စသော သားငါးအစာ။ သစ်ဆိမ့်သီး၊ ဇီးညောင် စသော အသီးအရွက် ခါတ်နံ။ စည် စောင်း ညှင်း စသော အပယတြာတို့ဖြင့်ပေးသွင်းကုမရာ၏။ ထိုသို့ကုမ၍မရလေမှ(အောင်ပအကြိုး၊ ငှက်ဂဠုန်နှင့်၊ ပြတုံဆေးချက်) ဟု အဟောလင်္ကာ လာရှိသည့်အတိုင်း တနင်္ဂနွေနံ အုန်း၊ ဥ၊ စသော ခါတ်အစာတို့ကို ပေးသွင်းရာ၏။ ထိုမှပင်မရနိုင်ပြန်မှ (ကျားမင်းထွက်က၊ အမျက်လည်းကြေ၊ ရန်လည်းပြေ)ဟု အဟောလင်္ကာမိန့်ဆိုသည့်အတိုင်း

mgyoe.com

mgyoe.com



တနင်းလာနံ၊ ကြိုးသား၊ ကြက်သား၊ ခါသား စသော သားငါး တို့၏နံ။ မန်ကျည်း၊ သခွပ် စသော အသီးအပွင့်နံ။ မိကျောင်း၊ ကြေးသံ စသော အပယတြာတို့ဖြင့် ပေးသွင်း ကုမကုန်ရာသ တည်း။ ။ဤကား ကြာသပတေးအိမ်၌ သာမန်သော ဟော ခန်း စကားပြေတည်း။

## ကြာသပတေးအိမ်သို့ ရောက်သော တနင်္ဂနွေသား။

အနောက်အရပ်ဖြစ်သော ကြာသပတေးအိမ်သို့ အကြင် တနင်္ဂနွေသား ကျရောက်လာအံ့၊ ဂဠုန်နှင့်ကြွက်၊ မိတ်မပျက်၊ နှစ်သက်ကြည်ဖြူစွာ။ ဟု ပရိဘာသာလာသောကြောင့် အောင်ပ မိတ်ပင်ဖြစ်ရကား အနာတရ သည်းထန်စွာ မဖြစ်နိုင်ရာ။ မအီ မသာရှိသော်ကား စတုတ္ထအင်္ဂါနံဂြိုဟ်သည် အဋ္ဌမုခ၌ ပေးလေ အပ်သော အစာပင် ဖြစ်သော်လည်း မိမိ၏မွေးနံနှင့် ဦးညိုရန်ကျ သောကြောင့် ငံ့လင့်ရာ၏။ မိမိနံနှင့်ခတ်တူ ကြာသပတေး ခတ်အိမ်၏ တတိယမြောက် ၎င်းကြာသပတေး၏ မိတ်နံဖြစ် သော တနင်္ဂနွေနံ အုန်း၊ ဥ၊ စသော အစာတို့ကို ပေးသွင်း ကုမ ရာ၏။အပယတြာအားဖြင့်ကား အိုးကိုရံခြင်း၊ အုန်းရွက်၊အင်ရွက် စသည်တို့ကို ဆွဲထားခြင်းတို့ဖြင့် ငြိမ်းလတံ့သတည်း။ ။ဤ ကား တနင်္ဂနွေသားသည် ကြာသပတေးအိမ်သို့ ကျရောက်သော အခါ ဟောပြောရန် စကားပြေတည်း။

mgyoe.com

mgyoe.com



## ကြာသပဒေးအိမ်သို့ ရောက်သော တနင်းလာသား။

အနောက်အရပ်ဖြစ်သော ကြာသပတေးအိမ်သို့ အကြင် တနင်းလာသားကျရောက်လာအံ့၊ ဇီဝှာဗျဿ၊ နှလုံးရှ၊ ရန်စသမီးမှာ။ ဟူ၍ ပရိဘာသာလာသောကြောင့် အနာရသောသူသည် ယောကျ်ားဖြစ်မူ မထောင်းတာ။ မိန်းမဖြစ်မူ ပြင်းပြသည်းထန်တတ်သည်။ ပေးသွင်းရန် ဓာတ်အစာတို့ကား ကျားနှင့်ကားဆင်၊ ဥစ္စာရှင်၊ ပျော် ရွှင် လေ သော ခါ။ ပရိ ဘာ သာ လာ သော ကြောင့် တနင်းလာနှင့်အင်္ဂါ မိတ်ပင်မည်သည်တချက်၊ ကြာသပတေး ဓာတ်အိမ်၏ စိန်ပန်းဟူသော သတ္တာဗီသ အကြေပေးသွင်းအပ်သော အစာဖြစ်သည်တချက်၊ ထိုသို့ဖြစ်၍ အင်္ဂါနံ့အစာသည် တနင်းလာသား၏ ကြာသပတေးအိမ်၌ ကောင်းကြီးပေးထိုက်သော အစာဖြစ်ရကား၊ စည် စောင်း ညှင်း စသော အသံ အပယတြာပြုကာမျှဖြင့် လွတ်ငြိမ်းလတံ့။ အ တွင်း အ စာ မူ ကား ဆိုဖွယ်မရှိသည်သာတည်း။ ။ဤကား တနင်းလာသား ကြာသပတေးအိမ်သို့ ကျရောက်သောအခါ ပေးသွင်းကုမရန် အမိပ္ပါယ်စကားပြေတည်း။

## ကြာသပတေးအိမ်သို့ရောက်သော အင်္ဂါသား။

အနောက်အရပ်ဖြစ်သော ကြာသပတေးအိမ်သို့ အကြင် အင်္ဂါသား ကျရောက်လာသည်ဖြစ်အံ့၊ ခြသေ့်နှင့်ကြွက်၊ မိတ်မပျက်၊ စဉ်ဆက်အရှည်သာ။ ဟု ပရိဘာသာလာသောကြောင့် မအီမသာရှိသော်လည်း မထောင်းတာ။ ပေးသွင်းကုမရန်ဆေးနံ့

mgyoe.com

mgyoe.com



ခေတ်နံတို့ကား ကြာသပတေးခေတ်အိမ်၏ စတုတ္ထမြောက် အကြေခေတ် အင်္ဂါ။ မိမိနံနှင့် ခေတ်တူနံတူ ဆိတ်သား၊ ဆတ်သား၊ ပုဇွန်ဆိပ်၊လယ်ပုဇွန်၊ စသော သားငါးအစာ။ ဆီး၊ညောင် စသော အသီးအရွက်အစာ။ စည် စောင်း ညှင်း စသော အပယတြာ စသည်တို့ဖြင့် ပေးသွင်းကုမရာ၏။ တပါးတိုလည်း ခြသေ့နှင့်ကျား၊ မိတ်မပြား၊ ချစ်ငြားကြည်မေတ္တာ။ ဟု ပရိဘာသာ လာသောကြောင့် တနင်းလာနံသည် အင်္ဂါ မိတ် ပင် မည် သည် တချက်။ ကြာသပတေးအိမ်၏ ဂဗ္ဘေခေတ်ဖြစ်သည်တချက် ဖြစ်သောကြောင့် ကြိုးသား၊ ခါသား၊ ကြက်သား၊ ငါး၊ ငါးကြင်း၊ စသော တနင်းလာ သားငါးနံ။ မန်ကျည်း၊ ဇောင်းချမ်း၊ စသော အသီးအပွင့်နံ။ကြေးသံ၊ မိကျောင်းသံ၊ စသော အပယတြာတို့ဖြင့် အနာ၏လက္ခဏာကို ဆင်ခြင်ထောက်ရှု၍ ကုမ ပေးသွင်းလေက အလွယ်သဖြင့် လွတ်ငြိမ်းလေအံ့သတည်း။ ။ ဤကား အင်္ဂါ သားသည် ကြာသပတေးအိမ်သို့ ကျရောက်သောအခါ ပေးသွင်းရန် ဆေးနံ အစာအဟာရတို့ကို ပြအပ်သော အဓိပ္ပါယ် စကား ပြေတည်း။

## ကြာသပတေးအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

အနောက်အရပ်ဖြစ်သော ကြာသပတေး အိမ်သို့ အကြင် ဗုဒ္ဓဟူးသား ကျရောက်လာအံ့၊ မိး ခေတ် နှင့် လေ၊ ရေ နှင့် မြေ၊ မိတ်ဆွေတော်ကြ၊ သဟာရ။ ဟု ပရိဘာသာလာသောကြောင့် ဝံသေ ရေခေတ်အိမ်သားသည်၊ ဂဗ္ဘေ မြေခေတ်အိမ်သို့ ကျရောက်သောကြောင့် မိတ်ပင်မည်ရကား ထိခိုက်ရှုနခြင်းမရှိနိုင်ရာ။ မအိမသာ ရှိသော်မူကား ကြာသပတေးအိမ်၏ တတိယ မြောက်

mgyoe.com

mgyoe.com



တနင်္ဂနွေနံသည် ဓာတ် ဆေး အစာ ပင်ဖြစ်သော်လည်း အမှတ်မဲ့ မပေးရာ။ အဘယ်ကြောင့်ဟူမူ ဆင်ဂဠုန်ပ၊ ကြီးမိဖ၊ သောကတူမကွာ။ ဟု ပရိဘာသာလာသောကြောင့် ရန်ဂိုဟ်ဖြစ်၍ မပေးမသွင်းတည့်ရာ။ ထိုကဲ့သို့ပေးသွင်းမှားယွင်းလေလျှင် ဖြေပေးရန်ခက်တတ်၏။ ပေးသွင်းရန် ဓာတ် အစာ နံတို့ကား ဆင်နှင့်ခြင်္သေ့၊ ငယ်သူတွေ့၊ ပျော်မွေ့ စံစားကာ။ ဟု ပရိဘာသာလာသောကြောင့် အင်္ဂါနံ ဓာတ် ဆေး အစာ တို့ကိုသာ မွေးနံ ဗုဒ္ဓဟူး၏မိတ်၊ကြာသပတေးအိမ်၏ စိန်ပန်းအကြေနက္ခတ်ဖြစ်သောကြောင့် ပေးသွင်း ကုမအပ်ကုန်၏။ ဓာတ်နံအစာတို့ကား ဆိတ်၊ ဆတ်၊ ပုဇွန်၊ သား ငါး။ ဆီး ညောင် စသော အသီးအရွက်၊ ဆိုအပ်ပြီးသော အင်္ဂါနံတို့တည်း။ ။ဤကား ဗုဒ္ဓဟူးသားသည် ကြာသပတေးအိမ်သို့ ရောက်သောအခါ ပေးသွင်း ကုမရန် စကားပြေတည်း။

## ကြာသပတေးအိမ်သို့ ရောက်သော ကြာသပတေးသား။

အနောက်အရပ်ဖြစ်သော ကြာ သပ တေး အိမ် သို့ အကြင်ကြာသပတေးသားပင် ကျရောက်လာအံ့၊ မိမိဓာတ်အိမ်၏ စတုတ္ထဆေး အစာနံ အင်္ဂါ။ တတိယ ဆေး အစာနံ တနင်္ဂနွေ။ ဒုတိယဆေး အစာနံ တနင်္ဂလာနံသုံးပါးတို့တွင် ကြွက်နှင့်ခြင်္သေ့၊ ငယ်သူတွေ့၊ ရန်ငွေ့မကင်းရာ။ ဟု ပရိ ဘာ သာ လာ သော ကြောင့် စိန်ပန်း မိတ်ပင်ဖြစ်သော်လည်း အင်္ဂါနံကို မပေးတည့်ရာ။ ကြွက်နှင့်ဂဠုန်၊ တဖန်ကြုံ၊ အယုံမရှိရာ။ ဟု ပရိဘာသာ လာပြန်သောကြောင့် တတိယ တနင်္ဂနွေနံဆေးလည်း ဆေးမမည်ရာ။ ဇီဝှာဗျဂ္ဃ၊

mgyoe.com

mgyoe.com



နှလုံးရှ၊ ရန်စသမီးမှာ။ ဟု ပရိဘာသာ လာပြန်သောကြောင့် ဒုတိယ တနင်းလာနံလည်း ဆေးမမည်ရာ။ ယင်းသို့ သုံးပါး သုံးချက်လုံးပင် ဆေးမမည်ရာသောကြောင့် ဤအရာ၌ များစွာ နှလုံးမူရာ၏။ ဘယ်သို့ဟူမူ ဆေးမည်ရာသော တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ၊ သုံးပါးတို့တွင် ဓာတ်ပြန်အားဖြင့် ဆင်ခြင်သော် ဂဠုန်နှင့်ကြွက်၊မိတ်မပျက်၊နှစ်သက်ကြည်ဖြူစွာ။ ဟု ပရိဘာသာ လာသောကြောင့် တနင်္ဂနွေနံ ဓာတ်အစာ ဆေးအစာ တို့ကိုသာ လျှင်၊ ဆိုအပ်ပြီးသော လက္ခဏာဖြင့် ပေးသွင်းကုမရာ၏။ ။ ဤကား ကြာသပတေးသားသည် ကြာသပတေးအိမ်သို့ ရောက်သောအခါ ပေးသွင်းကုမရန် အဓိပ္ပါယ် စကားပြေတည်း။

## ကြာသပတေးအိမ်သို့ ရောက်သော သောကြာသား။

အနောက်အရပ်ဖြစ်သော ကြာ သ ပ တေး အိမ် သို့ အကြင် သောကြာသား ကျရောက်လာအံ့၊ ဝံသေ ရေဓာတ်နှင့်၊ ဂဗ္ဘေ မြေဓာတ်ဖြစ်ရကား၊ မအိမသာရှိသော်လည်း မထောင်းတာ။ ပေးသွင်းရန် ဓာတ် ဆေး အစာ တို့ကား မိမိဓာတ်အိမ်၏ စိန်ပန်းဟူသော အင်္ဂါနံ။ စတုတ္ထအစာ အောင်ပ ဟူသော တနင်္ဂနွေနံ။ တတိယအစာတို့ကို အနာ၏လက္ခဏာကို ဆင်ခြင်လျက် ဆိုအပ်ပြီးသော လက္ခဏာတို့ဖြင့် အတွင်းဓာတ် အပဓာတ်တို့ကို ပေးသွင်းကုမရာ၏။ ။ ဤကား သောကြာသားသည် ကြာသပတေးအိမ်သို့ကျရောက်သောအခါ ဓာတ် ဆေး အဟာရ ပေးသွင်းရန် အဓိပ္ပါယ် စကားပြေတည်း။

mgyoe.com

mgyoe.com



## ကြာသပတေးအိမ်သို့ရောက်သော စနေသား။

အနောက်အရပ်ဖြစ်သော ကြာသပတေးအိမ်သို့ အကြင် စနေသား ကျရောက်ခဲ့သည်ဖြစ်အံ့၊ မီးနှင့်ကားမြေ၊ ရေနှင့်လေ၊ မိတ်ဆွေမစပ်၊ ပဋိဃာတ်။ ဟု ပရိဘာသာလာသောကြောင့် မီးဓာတ်အိမ်သားသည် ရေဓာတ်အိမ်သို့ ကျရောက်သောကြောင့် ပြင်းထန်စွာ အနာရောက်တတ်သည်။ ပေးသွင်းရန် ဓာတ်အစာတို့ကား၊ ကြာသပသေးအိမ်၏ ဓာတ်ဆေး အစာ ဖြစ်ကုန်သော တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ၊ နံသုံးပါးတို့တွင် မြေနှင့်ဥဒေါင်း၊ မိတ်ဆွေကောင်း၊ အပေါင်းကျေးဇူးသာ။ ဟု ပရိဘာသာလာသောကြောင့် ကြာသပတေးအိမ်၏ စိန်ပန်းဟူသောအကြေဓာတ် အင်္ဂါနံဆေး၊ အင်္ဂါနံတို့ကို အနာ၏အင်အားကို မြော်ထောက် လျက် ဆိုအပ်ပြီးသော လက္ခဏာအတိုင်း အတွင်းအပဓာတ်တို့ ဖြင့် ပေးသွင်းကုမရာ၏။ ။ဤကား စနေသားသည် ကြာသပ တေးအိမ်သို့ ကျရောက်သောအခါ ပေးသွင်းကုမရန် အဓိပ္ပါယ် စကားပြေတည်း။ ။ထိုမှတပါးသော ရှောင်ရန် ဆောင်ရန် အစာ၊ အရပ်၊ ဥပဒ်၊ စုတ်၊ အပျက်အစီး၊ အထိအခိုက်တို့မှ လွတ် ကင်းအောင်၊ ယှဉ်သင့် ကြဉ်သင့် လက္ခဏာတို့ကိုလည်း အားထုတ် ကြံစည် ရှက်ဆောင်ကြလေကုန်။ ။အဋ္ဌမုခဓာတ် ပဥ္စမ ကြာ သပတေးအိမ်၊ မြဲကုပ်အစူး၊ ကျဟောခန်း အဓိပ္ပါယ် စကား ပြေ ပြီး၏။

## စနေအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် ထက်ဦးရေလိုင်းဟူသော အဋ္ဌ မုခဓာတ်၊ စနေအိမ်သို့ ကျရောက်ကုံကြိုက်သည်ရှိသော်၊ အန္တော

mgyoe.com

mgyoe.com



ဖြစ်သော တနင်္ဂနွေနံကို ရှောင်ကြဉ်ရာ၏။ မအီမသာရှိသော်ကား (ဒက္ခိဏာမှတ်။ တောင်အရပ်က ပေါက်လှဆင်ပြောင်၊ ကြေအောင်နင်းယူ)ဟူ၍ အဟောလင်္ကာလာသည့်အတိုင်း၊ ဝက်သား၊လိပ်သား၊ ငါးလူး ငါးလဲ စသော သားငါး ဗုဒ္ဓဟူးနံ ဝါး ဝါ လင်းလေစသော အသီးအပွင့်နံ။ လှေစီးခြင်း၊ လှည်းစီးခြင်း၊ ခေါင်းလောင်းသံကိုနာခြင်း စသော အပဓာတ်တို့ဖြင့်လည်း ပေးသွင်း ကုမရာ၏။ ထိုသို့မှ မလွတ်မထွက်ရှိခဲ့လျှင် (နောက်ထပ်မူကား ဆင်ဖြူဟိုင်းလှ၊ မိတ်အရကို၊ ပြလေတတန်) ဟု အဟောလင်္ကာလာသောကြောင့်၊ မိတ်နံဖြစ်သော ရာဟုနံ ငါးရံ့၊ငါးရှင့် စသော သားငါး ဓာတ်စာ။ ရှောက်၊ သမ္ဘာရာ၊ သရက်၊ မရမ်း စသော အသီးအပွင့် ဓာတ်စာ။ ရေကူးခြင်း၊ ရေရံခြင်း၊ ဗုံရှည်သံကို နာခြင်း စသော အပဓာတ်တို့ဖြင့် ပေးသွင်းကုမရာ၏။ ထိုသို့ ပေးသွင်း ကုမသဖြင့် ခဲကပ်သော ရောဂါအနာပင် ဖြစ်လင့်ကစား ပြေပျောက်သောဟူ၏။ ။ဤကား စနေအိမ်၌ သာမန်သော ဟောခန်း စကားပြေတည်း။

## စနေအိမ်သို့ရောက်သော တနင်္ဂနွေသား။

အနောက်တောင်အရပ် ဖြစ်သော စနေ အိမ် သို့ အကြင် တနင်္ဂနွေသား ကျရောက်သည်ရှိသော် မအီမသာရှိအံ့၊ အင်္ဂါ အိမ်သားသည် အင်္ဂါအိမ်ကိုပင်ကျရောက်၍ လွယ်လင့်သော ဓာတ် ဆေး အစာအဟာရတို့နှင့်ပင် ပြေငြိမ်းရာ၏။ ပေးသွင်းရန် အစာတို့ကား သတ္တာဗီသ အကြေဒန်းလှ မိတ်ဖြစ်သော လှေစီးခြင်း၊ လှည်းစီးခြင်း၊ ခေါင်းလောင်းသံကိုနာခံခြင်း ဟူသော စတုတ္ထမြောက် အပဓာတ်နှင့် ပြေပျောက် လွတ် ကင်းရာ၏။

mgyoe.com

mgyoe.com



အဘာယ်ကြောင့်ဟူမူ ဆင်နှင့်နဂါး၊ မိတ်ဆွေငြား၊ အလားတော်လှစွာ။ ဟု ပရိဘာသာလာသည့်အတိုင်း မိတ် အ စစ် မှန် သော ကြောင့်တည်း။ ။ဤကား တနင်္ဂနွေသား စနေအိမ်သို့ ရောက်သောအခါ ခတ် အစာ ပေးရန် စကားပြေတည်း။

## စနေအိမ်သို့ရောက်သော တနင်းလာသား။

အနောက်တောင်အရပ်ဖြစ်သော စနေအိမ်သို့ အကြင် တနင်းလာသားကျရောက်လာအံ့၊ မီးနှင့်ကားမြေ၊ ရေနှင့်လေ၊ မိတ်ဆွေ မစပ်၊ ပဋိဃာတ်။ ဟူ၍ ပ ရိ ဘာ သာ လာ သော ကြောင့် လည်း ကောင်း။ ကျားနှင့်နဂါး၊ သူ့ကျွန်ငြား၊ စီးပွားကုန်ဥစ္စာ။ ဟု ပရိဘာသာလာသောကြောင့်လည်းကောင်း။ အ ဋ္ဌော အိမ် သို့ ရောက်သော တနင်းလာသားသည် မကောင်းသဖြင့် သက်ရောက်ခြင်းမည်၏။ ထိုသို့သော်လည်း မအိမသာရှိသော် မိမိ‌မွေးနံနှင့် ကိုရှာ ဟူသော မိတ်နံ။ စနေခတ်အိမ်နှင့် နောင်ရင်း ဟူသော မိတ်နံကြိမ်သော။ တတိယမြောက် ရာဟုနံကို၊ အတွင်းအပ၊ အစာယတြာပြုသဖြင့်၊လွတ်ငြိမ်းရာ၏။နောက်နည်းကိုမှီးလေ။ ။ ဤကား တနင်းလာသား စနေအိမ်သို့ ရောက်သောအခါ ပေး သွင်း ကုမရန် အစိပ္ပါယ် စကားပြေတည်း။

## စနေအိမ်သို့ရောက်သော အင်္ဂါသား။

အနောက်တောင်အရပ်ဖြစ်သော စနေအိမ်သို့ အကြင် အင်္ဂါ သား ကျရောက်သည်ဖြစ်အံ့၊ အင်္ဂါဥဒေါင်း၊ မြွေကိုချောင်း၊ တွင်းအောင်းမလွတ်ရာ။ဟု ပရိဘာသာလာသောကြောင့် ရန်အိမ်

mgyoe.com

mgyoe.com


ပင်တည်း။ ထိုသို့သော်လည်း မအီမသာရှိသော်မူ မိမိမွေးနံနှင့် စရေကြိမ်သောခေတ်နံ။ စနေခေတ်အိမ်နှင့် မိတ်နံကြိမ်သော ရာဟုနံအစာကိုသာလျှင် အတွင်းအပ ခေတ်စာပြုသဖြင့် ပေး သွင်း ကုမရာ၏။နောက်နည်းကိုမှီးလေ။ ။ဤကား အင်္ဂါသား သည် စနေအိမ်သို့ ရောက်သောအခါ ပေးသွင်းကုမရန် စကား ပြေတည်း။

## စနေအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

အနောက်တောင်အရပ်ဖြစ်သော စနေအိမ်သို့ အကြင် ဗုဒ္ဓဟူး သား ကျရောက်သည်ဖြစ်အံ့၊ ဆင်နှင့်နဂါး၊မိတ်ဆွေငြား၊အလား တော်လှစွာ။ ဟု ပရိဘာသာလာသောကြောင့် မိတ်အိမ်ပင် ဖြစ် သည်၊ မအီမသာရှိသော်မူကား မိမိမွေးနံနှင့် နံတူ စနေခေတ်အိမ် နှင့် ဒန်းလှမိတ်ကြိမ်သော ဗုဒ္ဓဟူးနံ ဆေးအစာကိုသာ အတွင်း အပပြု၍ နောက်နည်းအတိုင်း ဆင်ခြင်ကုမရာ၏။ ။ ဤကား ဗုဒ္ဓဟူးသားသည် စနေ အိမ် သို့ ရောက် သော အ ခါ ကု မ ရန် အဓိပ္ပါယ် စကားပြေတည်း။

## စနေအိမ်သို့ရောက်သော ကြာသပတေးသား။

အ နောက် တောင် အ ရပ် ဖြစ် သော စနေအိမ်သို့ အကြင် ကြာသပတေးသား ကျရောက်လာအံ့၊ ကြွက်နှင့်နဂါး၊ မိတ်တွေ့ ငြား၊ ချစ်အားမြဲမကွာ။ ဟု ပရိဘာသာလာသောကြောင့် မိတ် အိမ်ပင်ဖြစ်သည်၊ မအီမသာရှိသော်မူကား ကြွက်နှင့်ဟင်းလျှင်၊ ကျော်ဇောထင်၊ စွမ်းအင်တံခိုးသာ။ ဟူသော မိတ်ကိုင်း၊ စနေ

mgyoe.com

mgyoe.com



အိမ်၏ နောင်ရင်းမိတ်ကိုရင်း ယူဆင်ခြင်၍ ရာဟုနံ အတွင်းအပဆေးတို့ကို အထက်ကနည်းတို့ကိုမှီး၍ ပေးသွင်းကုမရာ၏။ ။ဤကား ကြာသပတေးသား စနေအိမ်သို့ရောက်သောအခါ ဟောခန်း စကားပြေတည်း။

## စနေအိမ်သို့ရောက်သော သောကြာသား။

အနောက် တောင် အရပ် ဖြစ်သော စနေအိမ်သို့ အကြင်သောကြာသား ကျရောက်သည်ဖြစ်အံ့၊ ပူးနှင့်နဂါး၊ ခိုက်ရန်ပွား၊ ပျက်ပြားချစ်မေတ္တာ။ ဟု ပရိဘာသာလာသောကြောင့် ရန်ဖြစ်သော ဓာတ်အိမ်တည်း။ ထိုသို့မက ဓာတ်စာဖြစ်သော ဗုဒ္ဓဟူး၊ ရာဟု၊ တနင်္ဂနွေ၊ သုံးပါးလုံးပင် ရန်ချည်းနှင့်နှင့် ဖြစ်ကုန်ရကား၊ သောကြာသား စနေအိမ်သို့ရောက်သော် သည်းထန်စွာဖြစ်တတ်သည်။ ထိုကြောင့် ရတနာသုံးပါးနှင့်စပ်သော ယတြာသည်သာလျှင် ယတြာမည်ရကား၊ ရာဟုနံဘုရားကို စတုတ္ထမြောက် ဗုဒ္ဓဟူးနံ ဘောဇဉ်တို့ဖြင့် လှူဒါန်းပူဇော်လေ။ နောက်ကနည်းတို့ကို မှီးသဖြင့် ဥာဏ်ကြီးကြစေကုန်။ ။ဤကား သောကြာသား စနေအိမ်သို့ရောက်သောအခါ ဟောခန်း စကားပြေတည်း။

## စနေအိမ်သို့ရောက်သော စနေသား။

အနောက်တောင်အရပ်ဖြစ်သော စနေအိမ်သို့ အကြင် စနေသားပင်ကျရောက်အံ့၊ မိမိဓာတ်အိမ်ဖြစ်၍ မထောင်းတာ။ မအိမသာရှိသော်မူကား နောင်ရင်းဖြစ်သော ရာဟုနံ။ ဒန်းလှ ဖြစ်သော ဗုဒ္ဓဟူးနံတို့ကိုသာ နောက်ကနည်းကိုမှီး၍ အတွင်းအပ

mgyoe.com

mgyoe.com



ယတြာပြုလေ၊ လွတ်လွယ်၏။ ။ဤကား စနေအိမ်သို့ရောက်သော စနေသားကိုပင် ဟောခန်း စကားပြေတည်း။ ထိုမှတပါးသော အမည်ကို မထုတ်မပြအပ်သည့် အတွင်းနံခေတ်စာ အပယတြာတို့ကို နောက်ကနည်းကိုမှီးသဖြင့် ရတနာသုံးပါးနှင့်စပ်သော ယတြာတို့ကိုလည်း မိမိတို့ဉာဏ်စွမ်းအလျောက် ထိုးထွင်းသိနိုင်လောက်လေ့ကုန်ပြီ။ ။အဋ္ဌမုခခေတ်၊ဆဋ္ဌစနေအိမ်၊ တက်ဦးရေလှိုင်း အကျဟောခန်း စကားပြေ ပြီး၏။

## ဗုဒ္ဓဟူးအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် ဝိုက်သိုင်းကြုံတွေ့ ဟူသော အဋ္ဌမုခခေတ် ဗုဒ္ဓဟူးအိမ်သို့ ကျရောက်သည်ဖြစ်အံ့၊ ဖေါက်ပြန်ဝိပရိတ်၊ နှိပ်စက်သော ဗျာဓိမမှတို့နှင့်တွေ့ကြုံမူ (ဝိရုပက္ခေ၊အခြေမရောက်၊ အရေးက်နိဖန်၊ ဆိပ်ပြင်းထန်သည်၊ အမှန်နာဂေါ၊ ပေါက်စေသောဟု)အဟောလင်္ကာလာသည့်အတိုင်း သတ္တာဗီသအကြေမိတ်ဖြစ်သော စနေနံကို အတွင်းအပ ယတြာပြု၍၊အထက်က နည်းတို့ကိုမှီးသဖြင့် ပေးသွင်းကုမရာ၏။ ထိုနှင့်မှ မငြိမ်းလျှင် (ကိန်းမှန်အရ၊ စန်းအကျနှင့်၊ ဗျဂ္ဃသူတော်၊ မိတ်ဖေါ်မှန်လှ၊ နောက်ထပ်ပြလေ)ဟု အဟောလင်္ကာလာသည့်အတိုင်း တနင်းလာနံကို နောက်ထပ်ပေးသွင်းသဖြင့် ပြေငြိမ်းရာ၏။ နံတူ အတွင်းအပ ယတြာတို့ကို အထက်အထက်နည်းတို့၌ ပြအပ်သည့်အတိုင်း မှီးလေကုန်။ ။ဤကား ဗုဒ္ဓဟူးအိမ်၌ သာမန်ဟောခန်း စကားပြေတည်း။

mgyoe.com

mgyoe.com



## ဗုဒ္ဓဟူးအိမ်သို့ရောက်သော တနင်္ဂနွေသား။

တောင်အရပ်ဖြစ်သော ဗုဒ္ဓဟူးအိမ်သို့ အကြင် တနင်္ဂနွေသား ကျရောက်သည်ဖြစ်အံ့၊ ဂဠုန်နှင့်ဆင်၊ ရဲမာန်ဝင်၊ ဆင်ခြင်ကြီးသူ သာ။ ဟု ပရိဘာသာလာသောကြောင့် ကြီးသောသူတို့ဖြစ်လျှင် သာ၍ပြင်းထန်စွာ ရောဂါအနာရတတ်သည်ဟု အဟောထုတ်ဆို ရမည်။ ဂဠုန်နဂါး၊ အစာငြား၊ ပြေးသွားမလွှတ်ရာ။ ဟု ပရိ ဘာသာလာသောကြောင့် တနင်္ဂနွေသည် စနေသို့ရောက်သော အခါ အန္တောဓာတ်ပင် ဖြစ်လင့်ကစား၊ အဟောလက်ာ၌ (ဝိရု ပက္ခေ အခြေမရောက်) စသည်ဖြင့် ဇဆေးအစာကို ဆိုသော်လည်း ဤတနင်္ဂနွေသား၌ အလျဉ်းပင် ဆေးဓာတ် အစာ မမည်လေ။ ထိုကြောင့် ဂဠုန်နှင့်ကျား၊ မိတ်မပြား၊ ရငြားခင်ပွန်းလာစာ။ ဟု ပရိဘာသာလာသည်နှင့်အညီ၊ မိမိနှင့်လည်း မိတ်၊ ဗုဒ္ဓဟူး အိမ်နှင့်လည်း မိတ်ဖြစ်သော တနင်းလာနံ ဆေး၊ တနင်းလာနံ အစာတို့ကိုသာ အတွင်းအပ ယတြာတို့ဖြင့်ကုမရာ၏။ ။ဤကား တနင်္ဂနွေသား ဗုဒ္ဓဟူးအိမ်သို့ရောက်သောအခါ ဆေး ဓာတ် အစာ ပေးသွင်းရန် ဟောခန်း စကားပြေ အမိပ္ပါယ်တည်း။ ။ဤမှ ရှေ့ကိုအကျဉ်းချုပ်၍ ပြဆိုအံ့။ ထိုသော်လည်း နောက်နည်းတို့ ကိုမှီး၍ သိကြလေစေကုန်။

## ဗုဒ္ဓဟူးအိမ်သို့ရောက်သော တနင်းလာသား။

ဗုဒ္ဓဟူးအိမ်သို့ တနင်းလာသားရောက်အံ့၊ ကုလားမိတ်ပင် ဖြစ် ဇသာ့ကြောင့် ပြင်းပြသည်းထန်စွာ ရောဂါဥပါဒ်မရောက်နိုင်ရာ။ မအိမသာရှိသော်မူကား ကျားနှင့်နဂါး၊ သူ့ကျွန်ငြား၊ စီးပွား

mgyoe.com

mgyoe.com



ကုန်ဥစ္စာ။ ဟု ပရိဘာသာလာသောကြောင့် ရန်ဖြစ်ရကား စနေနံ အစာသည် ဆေး ဓာတ် အစာပင်ဖြစ်စေကာမူ မပေးသွင်းရာ။ မိမိ၏နံတူဓာတ်အိမ်၏ မိတ်ဖြစ်သော တနင်းလာနံကိုပင် ဆေးဓာတ်အစာပေးသွင်းရာ၏။နောက်ကနည်းတို့ကိုမှီး၍ ဓာတ် ဆေးအစာ ယတြာတို့ကို အမည်တပ်လေ။ ။ ဤကား ဗုဒ္ဓဟူးအိမ် တနင်းလာသား ဟောခန်း စကားပြေတည်း။

## ဗုဒ္ဓဟူးအိမ်သို့ရောက်သော အင်္ဂါသား။

ဗုဒ္ဓဟူးအိမ်သို့ အင်္ဂါသားကျရောက်အံ့၊ ခြသေ့်နှင့်ဆင်၊ တောမြိုင်ခွင်၊ ချစ်ခင်ကြမြဲသာ။ ဟု ပရိဘာသာ လာသောကြောင့် မိတ်ပင်ဖြစ်ရကား၊ နှောက်ရှက်ခြင်းကင်းသော ရောဂါဥပါဒ်သာရှိရာ၏။ မအီမသာရှိသော်ကား စနေ တနင်းလာ နှစ်ပါးစပ်ဖြစ်သော ဆေးနံ ဓာတ်နံတို့ကို နောက်နည်းကိုမှီး၍ အတွင်း အပယတြာပြုလေကုန်။ ။ဤကား ဗုဒ္ဓဟူးအိမ် အင်္ဂါသား။

## ဗုဒ္ဓဟူးအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

ဗုဒ္ဓဟူးအိမ်သို့ ဗုဒ္ဓဟူးသားပင် ကျရောက်အံ့၊ မိမိဓာတ်အိမ်ဖြစ်သောကြောင့် ဥပါဒ်ရောဂါမရောက်တည့်နိုင်ရာ၊ မအီမသာရှိသော်မူကား၊ ဓာတ် ဆေး အစာ ဖြစ်ကုန်သော စတုတ္ထမြောက် စနေနံ။ တတိယမြောက် တနင်းလာနံတို့ကို အနာ၏လက္ခဏာအားလျော်စွာ ဆင်ခြင်ထောက်ရှု၍ နောက်၌ဆိုအပ်သောနည်းအတိုင်း အတွင်းအပ ယတြာပြုရာ၏။ ။ဤကား ဗုဒ္ဓဟူးအိမ်၌ ဗုဒ္ဓဟူးသား။

mgyoe.com

mgyoe.com



## ဗုဒ္ဓဟူးအိမ်သို့ရောက်သော ကြာသပတေးသား။

ဗုဒ္ဓဟူးအိမ်သို့ ကြာသပတေးသား ကျရောက်အံ့၊ ကြွက်နှင့် ဆင်မူ၊ မိတ်အတူ၊ ကြည်ဖြူများသည်သာ။ ဟု ပရိဘာသာလာ သောကြောင့် မိတ်ပင်ဖြစ်ရကား မထောင်းတာ၊ မအီမသာ ရှိသော်မူ ကြွက်နှင့်နဂါး၊ မိတ်မပြား၊ ချစ်အားမြဲမကွာ။ ဟူသည့် အတိုင်း မိတ်ပင်မည်သော စတုတ္ထမြောက် စနေနံအစာကို ဓာတ် ဆေး အဟာရပြု၍ အတွင်းအပ ယတြာ ကုမပေးသွင်းလေ။ ။ ဤကား ဗုဒ္ဓဟူးအိမ် ကြားသပတေးသား။

## ဗုဒ္ဓဟူးအိမ်သို့ရောက်သော သောကြာသား။

ဗုဒ္ဓဟူးအိမ်သို့ သောကြာသား ကျရောက်လာသည် ဖြစ်အံ့၊ ပူးနှင့်ဆင်မူ၊ သောကထူ၊ ဆာပူလောင်မီးသာ။ ဟု ပရိဘာသာ လာသောကြောင့် ခက်ထန်ကြမ်းကြုတ်စွာ ရောဂါဥပါဒ် ဖြစ် တတ်သည်။ ပေးသွင်းရန်အစာနံကား ပကတိ ဓာတ်စာ ဖြစ်သော စတုတ္ထ စနေနံ၊ တတိယ တနင်္ဂနွေ နှက်ပါးလုံးပင် သုတရင်း၊ သောကရင်း ကျသောကြောင့် မထိုက်လေ၊ ခဲကပ်သော ယတြာ ကိုပြုမှသာ လွတ်ငြိမ်းနိုင်အံ့။ အဘယ်သို့ဟူမူ ဓာတ်နံ ဆေးနှစ်ပါး တွင် မိမိအိမ် ရေဓာတ်ဖြစ်သည့်အတိုင်း မြေဓာတ် ဖြစ်သော တနင်္ဂနွေနံကိုယူ၍ ၎င်း၏မိတ် ဗုဒ္ဓဟူးကိုစပ်လျက် မန်ကျည်းသီး မှည့်နှင့် ဝက်သားကိုသော်၎င်း၊ကလောသီးကိုသော်၎င်း၊နံနှစ်ပါး ပေါ်သည်ကို ဓာတ် ဆေး အဟာရ ပြုရာ၏။ ။ဤကား သမား ကု၊ ဘုရားကုအားဖြင့် ရတနာသုံးပါးကိုဆည်းကပ်၊ ပဥ္စသီတို့ကို ဆောက်တည်၍ တနင်္ဂနွေနံဘုရားအား ဗုဒ္ဓဟူးနံ ဘောဇဉ် ချို

mgyoe.com

mgyoe.com



ချဉ် ပန်း သစ်သီးတို့ဖြင့် မိမိ၏မွေးနံ့ပေါ်သောအခါ လှူဒါန်း ပူဇော် ယတြာပြုလေ။ ဤသို့ ခဲကပ်သည်ကို ကြံဆင်ခြင်၍ပေးရာ၏။ ဗုဒ္ဓဟူးအိမ် သောကြာသား။

## ဗုဒ္ဓဟူးအိမ်သို့ရောက်သော စနေသား။

ဗုဒ္ဓဟူးအိမ်သို့ စနေသားကျရောက်သည်ဖြစ်အံ့၊ဆင်နှင့်နဂါး၊ မိတ်တွေ့ငြား၊ အလားတော်လှစွာ။ ဟု ပရိဘာသာလာသော ကြောင့် ကောင်းသောကျရောက်ခြင်းပင်။မအိမသာရှိသော်ကား မိမိ၏နံ့တူ ခေတ်အိမ်၏ဆေးနံ့ မိတ်ကြိုက် ဒန်းလှဖြစ်သော စနေနံ့ ကို နောက်ကနည်းအတိုင်း ပေးသွင်းကုမလျှင် လွတ် လွယ် လိမ့် သတည်း။ ဗုဒ္ဓဟူးအိမ် စနေသား။ ထိုမှတပါးသော ဟောပြော ရန် လက္ခဏာခေတ်ဆောင် ခေတ်ပျက် စသည်တို့ကိုလည်း နောက် နောက်က ဆိုခဲ့သောနည်းနိသျှအတိုင်း ကြံစည်လေ့လာ ပေးသွင်း ကြလေကုန်။ ။ဤကား အင်္ဂမုခခေတ်၊ သတ္တမဗုဒ္ဓဟူးအိမ်၊ ဝိုက် သိုင်းကြံတွေ့၊ အကျ၊ ခေတ် ဆေး အစာ အဟာရ ပေးသွင်း ကုမရန် အခိပ္ပါယ် စကားပြေ ပြီး၏။

## အင်္ဂါအိမ် ဟောခန်း စကားပြေ။

အကြင် ခုနှစ်ရက်သားတို့သည် စွယ်ရောင်သွေ့ဖြင့် ဟူသော အင်္ဂမုခခေတ် အင်္ဂါအိမ်သို့ ကျရောက်သည်ဖြစ်အံ့၊ မအိမသာရှိ သော် (စိန်ပန်းအရ၊ ဟိရညနံ့၊ ဆက်သွင်းပြန်က၊ ပါပ ပထဝီ၊ ရှင်လန်းပြီတည့်) ဟု အဟောလက်ာလာသည့်အတိုင်း ကြာသပ တေးနံ့ အစာကိုသာ ပေးသွင်းကုမရာ၏။ ၎င်းမှ မနိုင်မည်ဖြစ်လျှင်

mgyoe.com

mgyoe.com



(တလီဆေ့သား၊ မခြားမိတ်ထူး၊ နံပူးသင့်စေ) ဟု အဟောလက်ာ လာသည့်အတိုင်း သောကြာနံ ဆေးအစာ ခါတ်အစာတို့ကို ပေးသွင်း ကုမရာ၏။ထိုသို့ပေးသွင်းသဖြင့် လွတ်ငြိမ်းရာသောဟူ၏။ ။ အခြားသောခါတ်အိမ်တို့ထက် ဤအင်္ဂါအိမ်သည် မည်သည့်နေ့သားမဟူ ကျရောက်တွေ့ကြုံခဲ့သော် သက်သုံး ဂြိုဟ်သုံး စန်းသုံး စန်းပြတ် စသောအားဖြင့် ကြုံကြိုက်လေသောကြောင့် အလွန်ညံ့သောအခါ ကိန်ခန်းဟုဆင်ခြင်၍ ခါတ် ဆေး အစာ တို့ကို အပပြု၍ ရတနာသုံးပါးနှင့်စပ်သော ကုသိုလ်ကောင်းမှုတို့ကိုသာ ဆည်းပူးလျက် ထိုနံနှစ်ပါးနှင့်လျော်သော နံသင့်ဘုရား၊ နံသင့်ဘောဇဉ်၊ ချိုချဉ် ပန်းမာလ် စသည်တို့ဖြင့်သာ ပေးသွင်း ကုမရာသည်။ ။ဤကား အင်္ဂါအိမ် သာမန်ဟောခန်း စကားပြေတည်း။

## အင်္ဂါအိမ်သို့ရောက်သော တနင်္ဂနွေသား။

အင်္ဂါအိမ်သို့ တနင်္ဂနွေသား ကျရောက်အံ့၊ ဦးညိုဆိုက၊ ဆိုးညစ်လှ၊ရန်စတူမကွာ။ ဟု ပရိဘာသာလာသောကြောင့် ရန်အိမ်ပင်တည်း။ ရောဂါဝေဒနာ ဘေးဥပါဒ်တို့ဖြစ်ခဲ့တုံသော် ခါတ်အိမ်၏ မိတ်နှစ်ပါးကြိမ်သော စတုတ္ထကြာသပတေးနံ၊ တတိယ သောကြာနံ တို့ကို ဘောဇဉ် သစ်သီးပြု၍ နံ သင့် ဘုရား အား ပူဇော်ခြင်းသာလျှင် မှန်မြတ်သောယတြာမည်၏။ ပရိယာယ်တို့ကို အကျယ်ကြံလေကုန်။ ။ဤကား အင်္ဂါအိမ် တနင်္ဂနွေသား။

mgyoe.com

mgyoe.com



## အင်္ဂါအိမ်သို့ရောက်သော တနင်းလာသား။

အင်္ဂါအိမ်သို့ တနင်းလာသား ကျရောက်လာအံ့၊ ကျားနှင့်ခြသေ့်၊ မိတ်ကောင်းတွေ့၊ ပျော်မွေ့နတ်ဝိဇ္ဇာ၊၊ ဟု ပရိဘာသာ လာသောကြောင့် မိတ်အိမ်ဖြစ်သည်ဟူ၏။ ထိုသော်လည်း လေးစိပ်သောအညံ့အားကို တစိပ်မျှသာလျှော့ထိုက်သော အကောင်းလက္ခဏာရှိသောကြောင့် ရန်အဆင့်ဆင့်ကိုသာလျှင် ဤအင်္ဂါအိမ်၌ ဆရာမြတ်တို့ ဆုံးဖြတ်ကုန်၏။ ထိုကြောင့် သောကြာနံ၊ ကြာသပတေးနံ၊ဘောဇဉ် ဆွမ်း ပန်းတို့ကို၊ အင်္ဂါနံဘုရားအား ယတြာပြု၍ ပူဇော်လေ။ ။အင်္ဂါအိမ် တနင်းလာသား။

## အင်္ဂါအိမ်သို့ရောက်သော အင်္ဂါသား။

အင်္ဂါအိမ်သို့ အင်္ဂါသားပင် ကျရောက်အံ့၊ မိမိဓာတ်အိမ်ဖြစ်သောကြောင့် လေးစိပ်သောအားတို့တွင် သုံးပါးသောအားအညံ့ဟုပင်ဆိုရမည်။ ထိုသို့ကြောင့်လည်း မအီမသာရှိသော်သောကြာနံဘုရားကို အင်္ဂါနေ့၌ ရွှေသက်န်းကပ်ခြင်းဖြင့် ယတြာပြုရမည်။ ထိုထက်အလွန် ဓာတ်တူတို့ကိုလည်း ယတြာပြုလုပ်ရာ၏။ ။ဤကား အင်္ဂါအိမ် အင်္ဂါသား။

## အင်္ဂါအိမ်သို့ရောက်သော ဗုဒ္ဓဟူးသား။

အင်္ဂါအိမ်သို့ ဗုဒ္ဓဟူးသား ကျရောက်အံ့၊ ရာဟု၊ သောကြာ၊ နှစ်ပါးသောနံတို့သည် ယတြာဓာတ်နံပင် ဖြစ်သော်လည်း ဝေရီရန်ကျသောကြောင့် ရာဟုနံကို အလျဉ်းမယှဉ်ရာ။ မိမိမွေးနံ၏

mgyoe.com

mgyoe.com



ခေတ် အင်္ဂါအိမ်၏လည်း မိတ်ဖြစ်သော သောကြာနံကိုသာ လျှင် ဘောဇဉ်ပြုလုပ်၍ အင်္ဂါနံဘုရားအား လှူဒါန်းပူဇော်၍ ယတြာပြုရာ၏။ ။ဤကား အင်္ဂါအိမ် ဗုဒ္ဓဟူးသား။

## အင်္ဂါအိမ်သို့ရောက်သော ကြာသပတေးသား။

အင်္ဂါအိမ်သို့ ကြာသပတေးသား ကျရောက်အံ့၊ ကြွက်နှင့် ခြသေ့်၊ ငယ်သူတွေ့၊ ရန်ငွေ့မကင်းရာ။ ဟု ပရိဘာသာလာသော ကြောင့် ရန်ပင်ကြိမ်ပြန်၏၊ မအိမသာရှိသော်မူကား ကြွက်နှင့် ဟိုင်းလျှင်၊ တံခိုးထင်၊ စွမ်းအင်ကြီးလှစွာ။ ဟု ပရိဘာသာ လာ သည့်အတိုင်း ရာဟုနံကိုသာလျှင် ဘောဇဉ် စသည် ပြု လုပ်၍ အင်္ဂါနံဘုရားအား ပူဇော်လှူဒါန်းလေ။ ထိုသို့ပြုကာမျှဖြင့် ဘေး အပေါင်းပျောက်၍ ချမ်းသာရောက်ရာ၏။ ။ ဤကား အင်္ဂါ အိမ် ကြာသပတေးသား။

## အင်္ဂါအိမ်သို့ရောက်သော သောကြာသား။

အင်္ဂါအိမ်သို့ သောကြာသား ကျရောက်သည်ဖြစ်အံ့၊ သား ဆွေပြန်လင့်၊ ရန်အခွင့်၊ မသင့်မှတ်လေပါ။ ဟု ပရိဘာသာ လာ သည်နှင့်အညီ ဆွေသားမဟုတ်၊ သားဆွေဖြစ်သောကြောင့် ရန် အိမ်ပင်ကြိမ်၏။ မအိမသာရှိသော်ကား ရာဟုနံသည် ခေတ်ခိုက် ခေတ်ကြိုက်ပင် ဖြစ်သော်လည်း ပူးနှင့်ဟိုင်းကျ၊ ရန်ဟုပြ၊ မုချ မလွဲရာ။ ဟု ပရိဘာသာလာသောကြောင့် ရာဟုနံယတြာကို မပြု ရာ။ မိမိနံတူဖြစ်သော သောကြာကိုသာလျှင် ခေတ်အိမ်၏ မိတ်

mgyoe.com

mgyoe.com


ဖြစ်သည့်အတိုင်း သောကြာနံ့ ဘောဇဉ်ခဲဘွယ်တို့ဖြင့် အင်္ဂါနံ ဘုရားအား ပူဇော်၍ ယတြာပြုလေကုန်။ ။ဤကား အင်္ဂါအိမ် သောကြာသား။

## အင်္ဂါအိမ်သို့ရောက်သော စနေသား။

အင်္ဂါအိမ်သို့ စနေသား ကျ ရောက် သည် ဖြစ် အံ့၊ မြေနှင့် ဥဒေါင်း၊ မိတ်ဆွေကောင်း၊ အပေါင်းများခြင်းရာ။ ဟု ပရိဘာသာ လာသောကြောင့် မထောင်းတာလွန်း။ မအီမသာရှိသော်မူကား ရာဟုနံကိုသာလျှင် ယတြာကိန်းပြု၍ ပေးသွင်း ကုမရာ၏။ သောကြာနံကား ခတ်နံအစာပင် ဖြစ်သော်လည်း မိမိနံနှင့် ရန်ကျသောကြောင့်တည်း။ အင်္ဂါအိမ် စနေသား။ဤအင်္ဂါအိမ်သည် အင္ဒမုခကိန်း၌ အခြားသောခတ်အိမ်တို့ထက် ထပ်ပိုးပြန်ပြန် ညံ့ချေသောကြောင့်၊ ဝန်တားသဖြင့်၊ သမားပြုလုပ်ရာသည်။ ။ ဆိုအပ်ပြီးသောစကားမှ ကြွင်းသောခတ်နံအမျိုးမျိုးတို့ကိုလည်း ယတြာကိန်း ပြုကြလေကုန်။ အင္ဒမုခခတ်၊ အင္ဒမ အင်္ဂါအိမ်၊ စွယ်ရောင်သွေ့ဖြင့်၊ အကျ၊ ဟောခန်း စကားပြေတည်း။

အင္ဒမုခ တတိယကဏ္ဍ ပြီး၏။

mgyoe.com

mgyoe.com



## ပထဝီမုခ၏ လက္ခဏာ ခုနှစ်ပါး ဓာတ်စာများကို ပြခြင်း။

ဆောင်ပျက်ခိုက်ငုပ်၊ လွန်ဆုံးချုပ်ဟု၊ သရုပ်လက္ခဏာ၊ ခုနစ်ဖြာတွင်၊ သညာခေါ်ညီ၊ ပထဝီဆောင်မြို့၊ လူတို့ဖြစ်ရှောင်း၊ ဦးခေါင်းပူပြင်း၊ ကိုက်ခဲခြင်းလည်း၊ မကောင်းအမှန်၊ ပေးရန်အစာ၊ လိုကာမပျက်၊ ထန်းလျက်မယုတ်၊ အုန်းသီးထုတ်လော၊ မှန်ဟုတ်တလီ၊ ပထဝီပျက်ခြင်း၊ ဝမ်းတွင်းမသာ၊ ဝါတာလုံးခဲ၊ ဖြစ်မြဲတခန်း၊ ကိုယ်ရေကြမ်း၏၊ ပေးမှန်းအစာ၊ ညီစွာမဖေါက်၊ ထုံးချောက်အရေ၊ တထွေဆပ်ပြာ၊ ရောစပ်ရာ၏၊ တဖြာမှတ်ညီ၊ ပထဝီခိုက်မူ၊ ထိုတူမသွေ၊ သားရေကြမ်းခြင်း၊ တောင့်တင်းခက်တရော်၊ ပေးသော်မကောင်း၊ အသင်းအပျံ့၊ ကြိုင်နံ့လက်ဆတ်၊ မုန့်နပ်ပေးကူ၊ ထိုတူတလီ၊ ပထဝီအငုပ်၊ သရုပ်ခေါ်ပြီ၊ မအီမသာ ကိုက်ခဲစွာလျှင်၊ အချဉ်အစပ်၊ ပေးစေအပ်၏၊ နောက်ထပ်တလီ၊ ပထဝီလွန်ကြူး၊ မူတူးမှိုင်တိုင်၊ ချွေးဖြိုင်ဖြိုင်နှင့်၊ ယိမ်းယိုင်ညွတ်ရုံး၊ မျက်လုံးမျက်စိ၊ မကြည့်ဝံ့ရှာ၊ ကျိန်းစပ်ရာ၏၊ ထိုခါမမှား၊ မှတ်သားလူဗိုလ်၊ ပေးရန်ဆိုသော်၊ ထန်းဖို့ထန်းလျက်၊ ဇီးရောရှက်၍၊ ဆက်လေအညီ၊ ပထဝီဆုံးလစ်၊ ခြေလက်ဆစ်သေ၊ ကိုက်ခဲချေက၊ လေမထသော်၊ ထကြွအောင်သာ၊ ဆားမှာထန်းလျက်၊ ဖက်၍ပေးမြောက်၊ အကင်းရောက်၏၊ ထိုနောက်တထွေ၊ ခြေကိုရေစိမ်၊ ဣနြွေမရ၊ ချမ်းအေးမြသော်၊ ပေါ်ထပြီးမြောက်၊ ချမ်းသာရောက်အံ့၊ ထိုနောက်ပထဝီ၊ ချုပ်ပြီတသီး၊ ဓာတ်မီးတကျ၊ထွန်းထောက်ပပြီး၊ဝမ်းနှီးမသာ၊ ကိုက်ခဲရှာ၍၊ လွန်စွာဒုက္ခ၊ ပူစပ်လှလျက်၊ ဝမ်းသက်ရောဂါ၊ သွေးသာရှေ့ထား၊ ပေးငြား

mgyoe.com



တနည်း၊ မန်ကျည်းအဖျော်၊ ထိုရော်မန်ကျည်း၊ ဆား၊လည်းရော ဖက်၊ဆီနှင့်ချက်၍၊ ဆက်လေတတန်၊ အုန်းဆန်ထန်းလျက်၊ သက်မှူ အုန်းထမင်း၊ အကင်းလျှံဆူ၊ ကိုယ်နွေးပူသော်၊ ဆီမှုလိမ်းရန်၊ သုံးရက်လွန်က၊ ချမ်းသာရသည်၊ ဒုက္ခမယှဉ်ကွာလမ်းတည်း။

## အာပေါမုခ လက္ခဏာ ခုနှစ်ပါး ဓာတ်စာများကိုပြခြင်း။

ဓာတ်အာပေါ၏၊ သဘောလက္ခဏာ၊ ခုနှစ်ဖြာမှူ၊ ဆောင်သူ မမှား၊ ချွေးကားထွက်မြောက်၊ ဝမ်းခေါက်ရောင်ဖေါ၊ ရွက်ရော အပွင့်၊ မန်ကျည်းဆင့်၍၊ပေးခွင့်တခန်း၊ လေမသန်းရာ၊ လုံအောင် ကာ ဟု ဗဟိဒ္ဓါဆေးချက်၊ ရောဖက်ထုံးနနွင်း၊ ဆီနှင့်သွင်းက၊ ချမ်းသာရ၏၊ တဝအာပေါ၊ ပျက်သောသူအား၊ တင်ပါးဖမိုး၊ ရိုးရိုးရွရွ၊ မြမြအေးမြောက်၊ ယားယံပေါက်၏၊ ပေးထောက် သင့်စွာ၊ အာဟာရဆက်၊ ငှက်ပျောသီးစိမ်း၊ ပြိန်းပြိန်းချက် မြောက်၊သုံးစွဲသောက်က၊ချမ်းသာရ၏၊ ထိုမှတချက်၊ ငှက်ပျောကို မှူ၊ ရခိုင်ယူမှ၊ ဗဟိဒ္ဓမမှား၊ ကုရန်များမှာ၊ ထင်ရှားမသွေ၊ ဆံဆေး ရေနှင့်၊ ခြေကိုဆေးပါ၊ ဒူးထိသာတည့်၊ ပြီးကာဆားပွတ်၊ အဝတ် ပတ်စေ၊ ခြေကိုတေဇော၊ ရောက်သောအခါ၊ လွတ်ကင်းရာ၏၊ ခိုက်လာအာပေါ၊ သူ့သဘောကား၊ ဖေါခြင်းရောင်ခြင်း၊ လေ ကင်းဆန်လျက်၊ ပျို့အံတက်သော၊ ဆီးဝမ်းပြောသော်၊ ငှက်ပျော ဖီးကြမ်း၊ ဆက်လှမ်းပါစေ၊ လိမ်းရေအသင့်၊ ဆီနှင့်ရေနံ၊ တတန် ရောစွက်၊ ဓာတ်ခိုးထွက်က၊ ဒုက္ခမမြော်၊ သုခပေါ်လိမ့်၊ ငုပ်သော် သူမှာ၊ လက္ခဏာမကျယ်၊ ကျင်ငယ်ချုပ်လျက်၊ သလိပ်တက်၏၊

mgyoe.com

mgyoe.com



အိပ်စက်မကောင်း၊ ပေးကြောင်းတခန်း၊ မရမ်းသရက်၊ ဆားဖက် စိမ်ရေ၊ ထိုနှစ်ထွေတွင်၊ ကြိုက်လေတုံရာ၊အစာနှင့်ထုတ်၊ပြုတ်မှဥ္စ ဝင်း၊ ပေးခြင်းတခန်း၊ ဆီဆမ်းလက်ဖက်၊ ဆက်လေအပြီး၊ ဆီး ဝမ်းကားရှင်၊ ချမ်းသာမြင်၏၊ လွန်လျှင်အာပေါ၊ သဘော လက္ခဏာ၊ ရင်မှာပြည့်တင်း၊ သလိပ်ကင်းထ၊ ခါးကိုက်လှ၏၊ လွန်စွာ့အာပေါ၊ ဓာတ်သဘောကြောင့်၊ အခေါဥဒ္ဒါ၊ ခိုးလျှံနံ့ ပြင်း၊ ပေးခြင်းအစာ၊ မှန်စွာတထူး၊ ငှက်ပျောဖူးသနပ်၊ တရပ် တသီး၊ ဇီးဖြူရွက်ဟင်း၊ ပေးဆက်သွင်းလော၊ ဆုံးခြင်းကာလ၊ မရတံတွေး၊ ကိုယ်ရေးမမျှ၊ အာချောက်လှ၏၊ ပေးရမည်မှာ၊ မာလကာသရက်၊ ပေးဆက်ပြီးမြေ့ာက်၊ တံတွေးရောက်၏၊ ထို နောက်အာပေါ၊ချုပ်သောခြင်းရာ၊ဒွါရာတံခါး၊ တင်သားဒူးမှာ၊ ခါးသာပူစပ်၊ ငမ်းလားတတ်၏၊ ပေးအပ်သည်မှာ၊ အစာငှက် ပျောဖူး၊ တထူးဇီးဖြူ၊ ထောက်ပံ့ကူက၊ ချမ်းသာရသည်။ ။ သုခပွားစည် မွမ်းမွမ်းတည်း။

## တေဇောမုခ၏ လက္ခဏာ ခုနစ်ပါး ဓာတ်စာများကိုပြခြင်း။

တေဇောဓာတ်ဟု၊ စွဲမှတ်သညာ၊ ဆောင်သည်မှာကား၊ ဆာပူလှိုက်ဘိ၊ မျက်စိလည်းကျိန်း၊ ကတိန်းကပါး၊ ထူးသား ရောဂါ၊ ဝေဒနာကို၊ ပေးရာအပြီး၊ အုန်းသီးထန်းလျက်၊ ပေးကူ ဆက်လော၊ ပျက်သောအရိပ်၊ သလိပ်ရှင်မြူး၊ တထူးဝမ်းကြော၊ တင်းသောအချက်၊ ဟာရဖက်မူ၊ မပျက်မုချ၊ ဆီဆားပြ၏၊ ပေးကချမ်းသာ၊ အောင်စေရာ၏၊ ခိုက်လာသသူ၊ အပူကိုယ်လုံး၊

mgyoe.com